# Information Sheet



**VOLUME II, SPECIAL ISSUE 3** 1 August 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး(၂/၂၀၂၂)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှင်းလင်းတင်ပြချက်များ | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၈ လပြည့် နိုင်ငံတော်တာဝန် ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့်မိန့်ခွန်း | ၁၅ |

# Information Sheet

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး(၂/၂၀၂၂)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှင်းလင်းတင်ပြချက်များ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယာယီသမ္မတ ဦးမြင့်ဆွေထံ ရှင်းလင်းတင်ပြနေမှု**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၂)ကို ဇူလိုင်လ ၃၁ ရက်တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ ယာယီသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြပြီး ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအနေဖြင့် ကျန်းမာရေးအခြေအနေအရ အစည်းအဝေးမတက်ရောက်နိုင်ကြောင်း ခွင့်ပန်ကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်တာဝန်ထမ်းဆောင်နေရစဉ်အတွင်း ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထိုသို့ပြောကြားရာတွင် မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတာဝန်များကို ထမ်းဆောင်လာခဲ့သည်မှာ ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ၁ နှစ်နှင့် ၆ လ(၁၈ လ) ပြည့်မြောက်မည်ဖြစ်ပါကြောင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအကြီးအကဲများနှင့် အဖွဲ့ဝင်များပါဝင်သည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၂)ကို ကျင်းပခဲ့ပြီး မိမိတို့အစိုးရ၏ တစ်နှစ်တာတာဝန်ထမ်းဆောင်ခဲ့မှု အခြေအနေကို တင်ပြခဲ့ကြောင်း၊ ၎င်းကာလ ဖြစ်ပေါ်ခဲ့သည့် အခြေအနေများအရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစပြီး ပထမ ၆ လ သက်တမ်းတိုးမြှင့်ရန် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက သဘောတူအတည်ပြုခဲ့ကြောင်း၊ သက်တမ်းတိုးမြှင့်ခဲ့သည့် ၆ လအတွင်း မိမိတို့အစိုးရ



**ယာယီသမ္မတ ဦးမြင့်ဆွေ**

၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ တိုးတက်ပြောင်းလဲလုပ်ဆောင်မှုများ ဆက်လက်လုပ်ဆောင်သွားမည့် အခြေအနေတွေကို တင်ပြသွားမည်ဖြစ်ပါကြောင်း။

ရှေ့လုပ်ငန်းစဉ်(၅)ရပ်မှ **"ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်း အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်"** ဟူသည့် အချက်ကို ဆောင်ရွက်နေမှုအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက် ရက်စွဲပါ အမိန့်အမှတ်(၇/၂၀၂၁)အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ဦးစီးအဖွဲ့ဝင် ၅ ဦးဖြင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့အသစ်အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စစ်ဆေးတွေ့ရှိချက်များအရ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူ ဦးရေ ၃၈,၂၇၁,၄၄၇ ဦး (၃၈ ဒသမ ၂၇ သန်းကျော်) ရှိပြီး နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူ ၄,၈၆၉,၄၂၇ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်/ ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ၊ အသက် ၁၀၀ နှစ်နှင့်အထက်၊ အသက် ၁၈ နှစ်နှင့်အောက် အပါအဝင် မဲစာရင်းကွာဟမှု ၁၁,၃၀၅, ၃၉၀ ဦးရှိကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်ကို ဦးစွာတင်ပြလိုပါကြောင်း။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုဆိုင်ရာများစွာဖြစ်ပေါ်ခဲ့သကဲ့သို့ ရွေးကောက်ပွဲဆိုင်ရာ တိုင်ကြားမှုများလည်း များစွာဖြစ်ပေါ်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကာလတွင် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဖြစ်ပွားခဲ့သည့်အမှု ပေါင်း ၁,၀၇၇ မှု ဖြစ်ပွားခဲ့သည့်အနက် ရွေးကောက်ပွဲဥပဒေနှင့်ငြိစွန်း၍ အမှုဖွင့်ခဲ့သည့် အမှုပေါင်း ၅၄၆ မှုရှိပြီး ၎င်းအနက် အမှုခိုင်မာ၍ တရားစွဲဆို တင်သွင်းခဲ့မှု ၃၄၅ မှု၊ ပိတ်သိမ်းခဲ့တဲ့အမှု ၂၀၀ မှုနဲ့ ဥပဒေအကြံပြုချက်တောင်းခံဆဲ ၁ မှုတို့ ရှိခဲ့ကြောင်း။

ရွေးကောက်ပွဲလုပ်ရပ်များအပေါ် စနစ်တကျ ကြီးကြပ်ကွပ်ကဲရန် အားနည်းပျက်ကွက်ခဲ့သည့် တာဝန်ရှိသူ ၂,၄၁၇ ဦးရှိပြီး တရားစွဲဆိုမှုများ ဆောင်ရွက်ခဲ့ရပါကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ကျူးလွန်ခဲ့သူ ၄၇၉ ဦးကို အမှုဖွင့်လှစ်အရေးယူခဲ့သကဲ့သို့ မဲ ၂ ကြိမ်နဲ့ ၂ ကြိမ်အထက် မဲပေးသူများကိုလည်း ဥပဒေနှင့်အညီ အရေးယူနိုင်ရေး တိုင်ကြား/ တရားစွဲဆိုခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဦးစီးပြီး သက်ဆိုင်ရာဌာနအဖွဲ့အစည်းတို့မှ ကိုယ်စားလှယ်များပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များသည် နိုင်ငံရေးပါတီများ စစ်ဆေးခြင်း၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်းများအပါအဝင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၈ နှင့် နည်းဥပဒေ ၂၃ တို့နှင့်အညီ နိုင်ငံရေးပါတီများ၏ စာရင်းများကို စစ်ဆေးခဲ့ပါကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လမှစပြီး ၂၀၂၂ ခုနှစ်၊ ဇူလိုင်လအထိ နိုင်ငံရေးပါတီ ၈၅ ပါတီကို စစ်ဆေးပြီးဖြစ်ပါကြောင်း၊ စစ်ဆေးရန်ကျန်ပါတီတွေကို ဆက်လက်စစ်ဆေးဆောင်ရွက်မည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲဥပဒေနှင့် ရွေးကောက်ပွဲစနစ်ဆိုင်ရာများကို ပြန်လည်သုံးသပ်နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း၊ ၁၈ လတာကာလအတွင်း ၄ ကြိမ် တွေ့ဆုံဆွေး



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်**

ဆွေးခဲ့ပြီးဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲတွင် အခြေခံမဲစာရင်းများ မှန်ကန်ဖို့သည် အဓိကကျသည့် အခြေခံအချက်ပင်ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် နိုင်ငံသားကတ်မရှိဘဲ မဲပေးသူ ၄,၈၆၉,၄၂၇ ဦး (၄ ဒသမ ၈ သန်းကျော်)ရှိပါကြောင်း၊ **လာမည့်ရွေးကောက်ပွဲ၌ ဥပဒေနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများအနက် ၃-၅-၂၀၂၁ ရက်မှ ၃-၁၁-၂၀၂၂ ရက်အထိ ၁၈ လတာ ကာလသတ်မှတ်၍ အကျုံးဝင်သူဦးရေ ၃,၄၉၁,၃၆၄ ဦး (၃.၄ သန်းကျော်)အား ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေး ပန်းခင်းစီမံချက်ကို နိုင်ငံအဝှမ်း ဆောင်ရွက်ပေးလျက်ရှိ**ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ၃,၃၄၀,၁၃၀ (၃ ဒသမ ၃ သန်း)ခန့် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ရာနှုန်းပြည့်ပြီးစီးရေး ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသေးသည်ကို တင်ပြလိုပါကြောင်း။

သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ သက်ဆိုင်ရာမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနများတွင် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)ကို အခြေခံပြုစုထားတဲ့ စာရင်းများနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ ရွှေ့ပြောင်းလုပ်ငန်းစီမံချက် အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရန် အတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းစီမံချက် (Pilot Project)ကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှ စတင်ဆောင်ရွက်လျက်ရှိပြီး ဇူလိုင်လ ၂၅ ရက်နေ့အထိ မြို့နယ် ၂၉၈ မြို့နယ် ဆောင်ရွက်ပြီးစီး၍ မြို့နယ် ၁၄ မြို့နယ်အား ဆောင်ရွက်ဆဲဖြစ်ပြီး မြို့နယ် ၁၃ မြို့နယ်မှာ ဆောင်ရွက်ရန် ကျန်ရှိနေသေးကြောင်း၊ ဆောင်ရွက်ရန်ကျန်ရှိသည့် မြို့နယ်များသည် အကြမ်းဖက်မှုများကြောင့် နယ်မြေအေးချမ်းမှုမရှိသည့် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့မှဖြစ်ပြီး ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်သည်ကို တင်ပြလိုပါကြောင်း။

လုပ်ငန်းစဉ်(၂) **"လက်တလောဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်"** ဆိုသည့်အချက်အား ဆောင်ရွက်နေမှုအနေဖြင့် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကို ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်နေ့တွင် စတင်တွေ့ရှိခဲ့ပါကြောင်း၊ မိမိတို့အစိုးရ စတင်တာဝန်ယူထမ်းဆောင်စဉ်ကာလ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာ ၃၉၅,၆၆၈ ဦး၊ ရောဂါပိုး ကင်းစင်သွားသူ ၃၈၈,၈၃၂ ဦး၊ သေဆုံးသူ ၁၆,၁၈၅ ဦးရှိခဲ့ပါကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ဇူလိုင်လ ၂၈ ရက်နေ့အထိ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာ ၇၈,၄၇၇ ဦး၊ ရောဂါပိုး ကင်းစင်သွားသူ ၇၉,၅၉၂ ဦး၊ သေဆုံးသူ ၁၂၄ ဦး သာရှိခဲ့ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့မှုကြောင့် ပိုးတွေ့ရှိမှုနှုန်းနှင့် သေဆုံးမှုနှုန်း လျင်မြန်စွာကျဆင်းလာခဲ့ခြင်းဖြစ်သည်ကို တင်ပြအပ်ပါကြောင်း၊ သက်သာပျောက်ကင်းသူအရေအတွက်တွင် ဖော်ပြပါကာလမတိုင်မီ ရောဂါဖြစ်ပွားခဲ့ပြီး ဖော်ပြပါကာလအတွင်း၌ သက်သာပျောက်ကင်းခဲ့သည့် လူနာများအားလည်း ထည့်သွင်းရေတွက်ထားခြင်းဖြစ်သဖြင့် ရောဂါပျောက်ကင်းမှုအရေအတွက် များပြားနေခြင်းဖြစ်ကြောင်းလည်း ဖြည့်စွက်ပြောကြားလိုပါကြောင်း။

မိမိတို့နိုင်ငံတွင် ကာကွယ်ဆေးထိုးနှံပြီးစီးမှု အနေဖြင့် ဇူလိုင်လ ၂၆ ရက်နေ့အထိ လူဦးရေ ၃၆,၀၄၇,၀၉၄ (၃၆ သန်းကျော်) ထိုးနှံပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေး



**ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း**

ထိုးနှံပြီးစီးမှုအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် ရည်မှန်းလူဦးရေ၏ ၈၅ ရာခိုင်နှုန်းအထက်ကို ထိုးနှံပြီးစီး၍ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ထိုးနှံရမည့် ရည်မှန်းလူဦးရေ၏ ၄၀ ရာခိုင်နှုန်းအောက် ရှိသည်ကိုတွေ့ရပါကြောင်း၊ အဆိုပါဒေသများထဲမှ တချို့နေရာများတွင် နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိသေးသဖြင့် သတ်မှတ်ချက်အောက် အနိမ့်ဆုံးဖြစ်နေသည်ကိုတွေ့ရပါကြောင်း၊ ထို့ကြောင့် အဆိုပါဒေသများတွင် သတ်မှတ်ရာနှုန်းအတိုင်း ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံနိုင်ရန် နယ်မြေအခြေအနေများ တည်ငြိမ်အေးချမ်းရန် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်သည်ကို တင်ပြလိုပါကြောင်း။

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့အထိ ကာကွယ်ဆေးဝယ်ယူရရှိမှုအနေဖြင့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ရုရှားနိုင်ငံတို့မှဝယ်ယူမှု စုစုပေါင်း ၄၅,၀၀၀,၀၀၀(၄၅ သန်း) Doses ဖြစ်ပါကြောင်း၊ လှူဒါန်းရရှိမှုအနေဖြင့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ရုရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ Nippon Foundation ၊ GAVI Covax Facility နှင့် AHA Center တို့မှ လှူဒါန်းမှု စုစုပေါင်း ၃၁,၅၉၁,၆၀၀ Doses ရရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဧပြီလကစတင်ပြီး ကာကွယ်ဆေးများ ထုတ်လုပ်လျက်ရှိပြီး ဇူလိုင်လ ၁ ရက်နေ့အထိ ကာကွယ်ဆေး ၄,၀၉၁,၆၂၅(၄ သန်းကျော်) Doses ထုတ်လုပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကာကွယ်ဆေး ဝယ်ယူရရှိမှု၊ လှူဒါန်းမှု၊ ထုတ်လုပ်မှုများမှ ၈၀,၆၈၃,၂၂၅(သန်း ၈၀ ကျော်) Doses ရရှိပြီးဖြစ်ပါကြောင်း၊ ကာကွယ်ဆေး ၁,၄၀၀,၀၀၀ (၁.၄ သန်း) Doses ထပ်မံဝယ်ယူရန် စာချုပ်ချုပ်ဆိုထားပြီးလည်း ဖြစ်ပါကြောင်း။

**ကျန်းမာသန်စွမ်းသည့် လူ့အဖွဲ့အစည်း တည်ဆောက်နိုင်ဖို့နှင့် လူတစ်ဦးချင်းစီ၏ ပျမ်းမျှသက်တမ်းတိုးမြှင့်နိုင်ရန်အတွက် ကျန်းမာရေးဝန်ဆောင်မှုများကို တိုးမြှင့်ခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရသည့် အစားအသောက်များကို မျှတစွာ စားသုံးနိုင်ရန်အတွက် ပညာပေးလုပ်ငန်းများမြှင့်တင်ခြင်း၊ အစားအစာဘေးကင်းလုံခြုံရန်အတွက် စစ်ဆေးခြင်းများ၊ ကျန်းမာရေးအတွက် လိုအပ်သည့် ဆေးဝါးနှင့် ကုသရေးကိရိယာများ ခေတ်မီစွာသုံးစွဲနိုင်ရန်နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးကို နိုင်ငံတစ်ဝန်း လွှမ်းခြုံကာကွယ်နိုင်ရန် ကာကွယ်ဆေးထုတ်လုပ်မှုနှင့် ကာကွယ်ဆေး ထိုးနှံနိုင်ရန် ဦးစားပေး အစီအစဉ်အနေဖြင့် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်**သည်ကို တင်ပြလိုပါကြောင်း။

လုပ်ငန်းစဉ်(၃)ပါ “**ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများကို ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်**” ဆိုသည့် အချက်အား ဆောင်ရွက်နေမှုအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်း နိုင်ငံများစွာရှိ စီးပွားရေးလုပ်ငန်းများ ထိခိုက်ခဲ့ရပါကြောင်း၊ မိမိတို့နိုင်ငံအတွက်လည်း ရိုက်ခတ်မှုများရှိခဲ့ပါကြောင်း၊ ထို့ကြောင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများကို ဖြစ်နိုင်သမျှနည်းလမ်းများနှင့် အမြန်ဆုံးကုစားသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရ တာဝန်မယူမီအချိန်တွင် ပြည်တွင်း၊ ပြည်ပ ကြွေးမြီသည် တစ်နှစ်ထက်တစ် နှစ် တိုးမြှင့်လာခဲ့သည်ကို တွေ့ရပါကြောင်း၊ ထုတ်ယူသုံးစွဲပြီး ကြွေး မြီပေါင်း အမေရိကန်ဒေါ်လာ ၁၅.၅၇ ဘီလီယံကျော်ရှိပြီး ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက် နေ့အထိ ပေးဆပ်ပြီးသည့် ငွေပမာဏ အမေရိကန်ဒေါ်လာ ၄.၁၄ ဘီလီယံ ရှိပါကြောင်း၊ ပေးဆပ်ရန်ကျန် ငွေပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ (၁၁ ဒသမ ၄၂ ဘီလီယံ ကျော်) ရှိပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် အစိုးရနှင့် ပုဂ္ဂလိက ချေးငွေများကို နှစ်စဉ်



**ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး**

အတိုးအရင်း ဒေါ်လာ သန်း ၇၀၀ ခန့် ပေးဆပ်နေရပါကြောင်း၊ ထို့ကြောင့် အစိုးရတာဝန်ယူခဲ့သည့် ၁ နှစ်တာကာလအတွင်း ပို့ကုန်များ တင်ပို့နိုင်ရေးနှင့် မလိုအပ်သည့် သွင်းကုန်များကို လျှော့ချနိုင်ရေး စီမံဆောင်ရွက်ခဲ့ရပါကြောင်း၊ ပြီးခဲ့သည့် အစိုးရနှစ်ဆက်တွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၇၁ ဘီလီယံ ရှိခဲ့ပါကြောင်း၊ အဓိကအားဖြင့် ပြည်တွင်းတွင် ထုတ်လုပ်၍ရနိုင်သည့် ပစ္စည်းများကို ထုတ်လုပ်နိုင်ရန်အတွက် အားမပေးဘဲ ပြည်ပကသာ မှာယူတင်သွင်းမှုများကြောင့်ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ **ကုန်သွယ်မှုအခြေအနေအရ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ လမှ လက်ရှိအချိန်ထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၃၇ ဘီလီယံ၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃၇ ဘီလီယံ၊ ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၇၅ ဘီလီယံ ရှိပြီး ကုန်သွယ်မှုပိုငွေ အမေရိကန် ဒေါ်လာ ၁ ဘီလီယံရှိ**ပါကြောင်း။

ပြည်တွင်း/ပြည်ပ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် ဘဏ်လုပ်ငန်းများ ယုံကြည်မှုကျဆင်းခဲ့ရပြီး ပုံမှန်မလည်ပတ်နိုင်သည့်အတွက် အစိုးရအနေဖြင့် ကျောထောက်နောက်ခံရပ်တည်ပေး၍တည့်မတ်ပေးခဲ့ရာ လက်ရှိတွင် လုပ်ငန်းများအားလုံး ပုံမှန်လည်ပတ်နိုင်ပြီဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းတွေ ဖြေလျှော့မှု အစီအစဉ်အနေဖြင့် အတိုးနှုန်းလျှော့ချရေးနှင့် ပတ်သက်ပြီး အချိန်ကာလတစ်ခုအထိ စောင့်ဆိုင်းပေးခြင်း၊ အခွန်နှင့် ပတ်သက်သည့် ပေးသင့်ပေးထိုက်သည့် အခွန်များ ပေးဆောင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို အတတ်နိုင်ဆုံး ကုစားနိုင်ရန်အတွက် တောင်သူလယ်သမားများနှင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းရှင်များကို စိုက်ပျိုးစရိတ်ချေးငွေ စုစုပေါင်း ကျပ် ၂,၃၃၅.၄၉ ဘီလီယံအားအရင်းအနှီး ပံ့ပိုးထုတ်ပေးထားပါကြောင်း။

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်နှင့် စနစ်တကျစိစစ်သုံးစွဲလျက်ရှိသည့် ရန်ပုံငွေလက်ကျန် ၄၉၁ ဒသမ ၁၈ ဘီလီယံမှ ကျန် ဘီလီယံ ၄၀၀ ကို သီးသန့်ရန်ပုံငွေ ထူထောင်ကာ စိုက်ပျိုး၊ မွေးမြူရေးကိုအခြေခံသည့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်ပေးသွားရန် စီစဉ်ထားသည်ကို တင်ပြအပ်ပါကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေနှင့် နိုင်ငံရေးအခြေအနေများအရ ဖြစ်ပေါ်လာသည့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံ ၂၉၁ ခုနှင့် အလုပ်သမား ၁၀၄,၇၉၈ ဦး ရပ်နားထားရပါကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၁၈ ရက် ကာလအတွင်း အသစ်ဖွင့်လှစ်ခဲ့သည့် စက်ရုံ၊ အလုပ်ရုံ ၁၁၄ ရုံနှင့် ပြန်လည်ဖွင့်လှစ်ခဲ့သည့် စက်ရုံ၊ အလုပ်ရုံ ၁၀၀ ရုံ၊ စုစုပေါင်း ၂၁၄ ရုံရှိခဲ့ပြီး အလုပ်သမားအင်အား ၅၄,၈၁၉ ဦး အလုပ်အကိုင် ပြန်လည်ရရှိခဲ့ပါကြောင်း၊ ပုဂ္ဂလိက ကုန်ထုတ်လုပ်ငန်းများ မူလအတိုင်း လုပ်ငန်းများ ပြန်လည်လည်ပတ်ရန်နှင့် အလုပ်သမားများ ရာနှုန်းပြည့် လုပ်ငန်းခွင်တွင် ဝင်ရောက်အလုပ်လုပ်ကိုင်နိုင်ရန်အတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးရန် လိုအပ်သည်ကို တင်ပြလိုပါကြောင်း။

ကိုဗစ်-၁၉ ရောဂါ၊ နိုင်ငံရေးအခြေအနေနှင့် လောင်စာဆီဈေးနှုန်းမြင့်တက်ခြင်းကြောင့် အများသုံးသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ရပ်တန့်လုနီးပါး ဖြစ်ခဲ့ရပြီး ကုန်ဈေးနှုန်း ကြီးမြင့်စေမှုသို့ ဦးတည်စေခဲ့ပါကြောင်း၊ အစိုးရမှ Public Trans-



**ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်**

portation များကို ပြည်သူလူထု ပိုမိုအမှီသဟဲပြုနိုင်ရန် ကြိုးပမ်းနေပါကြောင်း၊ လက်ရှိ ကိုဗစ်-၁၉ ရောဂါကူးစက်မှု လျော့နည်းလာခြင်းနှင့် နိုင်ငံရေးအခြေအနေ တည်ငြိမ်စပြုလာခြင်းတို့ကြောင့် Public Transportation လုပ်ငန်းများ ယခင်တစ်နှစ်တာ ကာလထက် လက်ရှိ ၆ လတာလတွင် ပိုမိုလည်ပတ်မှု ရှိလာပါကြောင်း။

**ပြည်တွင်းလေကြောင်းလိုင်းများ ပြေးဆွဲခြင်းကို ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု များပြားသော မြို့များကို ကန့်သတ်ထားခြင်းနှင့် ပြည်ပလေကြောင်းလိုင်းများ ပုံမှန်ပြေးဆွဲမှုရပ်ဆိုင်းထားရာမှ ဧပြီ ၁၇ ရက်ကစပြီး ဖွင့်လှစ်ပေးခဲ့**ပါကြောင်း၊ ယခုအခါ ပြည်ပလေကြောင်းလိုင်း ၁၆ လိုင်း ပြေးဆွဲနေပြီး ဇူလိုင်လ ၂၉ ရက်အထိ မြန်မာနိုင်ငံသား အထွက် ၁၁၆,၇၅၈ ဦး၊ အဝင် ၇၈,၆၁၄ ဦး၊ ပြည်ပနိုင်ငံသား အဝင် ၁၉,၉၆၃ ဦး၊ အထွက် ၁၈,၉၇၀ ဦး ရှိသည်ကို တွေ့ရှိရပါကြောင်း။

မိမိတို့နိုင်ငံ လူဦးရေ တိုးတက်လာသည်နှင့်အမျှ စားရေးနှင့်ဝတ်ရေးသည် ပိုမိုလိုအပ်လာမည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသားများ တစ်နှစ်လျှင် ဆန်စားသုံးမှု ၁၅၅ ကီလိုဂရမ် ၉၇ ပြည်ခန့် စားသုံးမှုရှိသည့်အတွက် လက်ရှိစပါးစိုက်ပျိုးမှုနှင့် လုံလောက်မှု ရှိပါကြောင်း၊ အထွက်နှုန်း တိုးတက်အောင် စီမံဆောင်ရွက်ပြီး စိုက်ပျိုးမည်ဆိုပါက တိုင်းပြည်၏ဝင်ငွေများစွာရရှိမည်ဖြစ်ပါကြောင်း၊ စားသုံးဆီအနေဖြင့် လိုအပ်သည့် ပြည်တွင်းဖူလုံမှု မလောက်ငသည့်အတွက် ပြည်ပမှ ပြည်ပငွေနှင့်များစွာ တင်သွင်းနေရ ပါကြောင်း၊ ထို့ကြောင့် ပြည်တွင်းဆီစားသုံးမှု ဖူလုံစေရန်အတွက် နေရာဒေသမရွေး ၁ ဧက ဆီထွက်နှုန်း ပိဿာ ၁၄၀ ခန့် ရရှိစိုက်ပျိုးနိုင်သည့် နေကြာသီးနှံကို တိုးချဲ့ စိုက်ပျိုးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် တစ်နိုင်ငံလုံး နေကြာသီးနှံစိုက်ဧက ၁ ဒသမ ၅ သန်းကျော် စိုက်ပျိုးထုတ်လုပ်ရန်အတွက် စီမံလျာထားလျက်ရှိပြီး နေကြာစိုက်တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၁၀၀ ဒသမ ၂၄၈ ဘီလီယံ ထုတ်ချေးခွင့်ပြုပြီး ဆောင်ရွက်စေလျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်နေခြင်းသည် မိမိတို့အစိုးရအနေဖြင့် ကျေးလက်နေပြည်သူများ၏ ဆင်းရဲ နွမ်းပါးမှု လျော့ချနိုင်ရေးအတွက် ထိရောက်တဲ့နည်းလမ်းများကိုအသုံးပြုပြီး မြို့ပြနှင့် ကျေးလက်ဒေသကြား ကွာဟချက်ကျဉ်းမြောင်းစေရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရန်အတွက် တစ်စိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်သည်ကို တင်ပြလိုပါကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်ပြီး ၂၀၁၉-၂၀၂၀ ခုနှစ်မှာ စုစုပေါင်း စပါးစိုက်ပျိုးဧက ၁၇ ဒသမ ၃၀၆ သန်းကို စိုက်ပျိုးနိုင်ခဲ့ကာ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် စုစုပေါင်း စပါးစိုက်ပျိုးဧက ၁၇ သန်းခန့် စိုက်ပျိုးနိုင်ခဲ့ပါကြောင်း၊ မိုးစပါးစိုက် ဧက ၁၄ ဒသမ ၉၂၆ သန်းနှင့် နွေစပါးစိုက်ဧက ၂ ဒသမ ၂၇၆ သန်းဖြစ်ပါကြောင်း၊ တိုင်းပြည်၏ အဓိကသီးနှံဖြစ်သည့် စပါး ၁ ဧက ထွက်နှုန်းကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ **လာမည့် စိုက်ပျိုးရာသီတွင် နွေစပါး၊ ပဲ၊ ပြောင်း၊ ဆီထွက်သီးနှံများကို Contract Farming စနစ်ဖြင့် တစ်နိုင်ငံလုံးမှာ စိုက်ပျိုးနိုင်ရေးအတွက် ၄၀၀ ဘီလီယံ ကျပ် မြုပ်နှံစီမံဆောင်ရွက်လျက်ရှိကြောင်း တင်ပြလို**ပါကြောင်း။

လုပ်ငန်းစဉ်(၄) "**တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်**" ဆိုသည့်အချက်အား ဆောင်ရွက်နေမှုအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းပြည်အတွင်း ငြိမ်းချမ်းသာယာမှုရှိရေးသည် အရေးကြီးပါ



**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်**

ကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် စတင်ထုတ်ပြန်ခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် ၂၀၂၂ ခုနှစ်ကုန် အထိပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးအား ထုတ်ပြန်ခဲ့သည့်အတွက် ငြိမ်းချမ်းရေးအတွက် ထုတ်ပြန်မှုပေါင်း ၂၁ ကြိမ် ထုတ်ပြန်ခဲ့သည်ကို တင်ပြလိုပါကြောင်း။

အစိုးရအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းရေးကော်မတီတို့အား ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်ခဲ့ရာ **၁၈ လတာ ကာလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် EAO အဖွဲ့များ တွေ့ဆုံမှု ၉ ကြိမ်၊ ညှိနှိုင်းရေးကော်မတီဖြင့် တွေ့ဆုံမှု EAO အဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေးကို လိုလားသည့် အခြားအဖွဲ့အစည်းများ စသည်ဖြင့် စုစုပေါင်း ၇၅ ကြိမ်တွေ့ဆုံ၍ ငြိမ်းချမ်းရေး၊ တိုင်းပြည်နှင့် ဒေသကောင်းကျိုးအတွက် ဆွေးနွေးနိုင်ခဲ့**ပါကြောင်း။

၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ထားရှိခဲ့သည်နှင့်အညီ ငြိမ်းချမ်းရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များကို ကိုယ်တိုင်ကိုယ်ကျ ဆွေးနွေးနိုင်ရန်အတွက် မိမိအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဧပြီ ၂၂ ရက်တွင် ကမ်းလှမ်း ဖိတ်ခေါ်ခဲ့ရာ NCA လက်မှတ်ရေးထိုးထားပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထဲမှ ၇ ဖွဲ့၊ လက်မှတ်မရေးထိုးထားရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထဲမှ ၃ ဖွဲ့၊ စုစုပေါင်း ၁၀ ဖွဲ့တို့မှ တွေ့ဆုံဆွေးနွေးနိုင်ရန် အကြောင်းပြန်ကြားခဲ့ရာ အဖွဲ့ ၉ ဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့်အဖွဲ့ ၁ ဖွဲ့ကို ဩဂုတ်လ လဆန်းပိုင်းတွင် တွေ့ဆုံသွားရန်ရှိသကဲ့သို့ ဆွေးနွေးပြီး အဖွဲ့များနှင့်လည်း ဒုတိယအကြိမ် အမြန်ဆုံး ထပ်မံတွေ့ဆုံဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်ကို တင်ပြလိုပါကြောင်း။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ပြည်သူလူထုဆန္ဒနှင့် ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီကျင့်သုံးဆောင်ရွက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး၊ ဒေသနှင့်တိုင်းပြည်အတွက် အမှန်တကယ် လိုအပ်ပြီး ဖြစ်သင့်တာနှင့် ဖြစ်ချင်သည်များကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့သည့်အပြင် ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၁/၂/၃)ပါ သဘောတူညီချက်များနှင့် ပတ်သက်၍ လည်းကောင်း၊ အစိတ်အပိုင်း(၃)ပါ ဆက်လက်ဆွေးနွေးရန်ကျန်ရှိသည့် ဇယား(၂)ပါ ဆွေးနွေးရန်အချက်များနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း။

**ငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များကို တွေ့ဆုံဆွေးနွေးနိုင်ရေးကမ်းလှမ်းဖိတ်ခေါ်မှုနှင့်ပတ်သက်ပြီး ပထမအကြိမ် ဖိတ်ခေါ်မှုမှာ တက်ရောက်လာခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် တက်ရောက်ဆွေးနွေးနိုင်ရေး ၂၀၂၂ ခုနှစ်၊ ဇွန် ၁၄ ရက်တွင် ထပ်မံဖိတ်ခေါ်ခဲ့ပါကြောင်း၊ EAO များ(တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ) ကလည်း ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်မှာဖြစ်မည်ဖြစ်**ပါကြောင်း။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ဇူလိုင် ၂၃ ရက် အတွင်း နိုင်ငံတွင်းကို နည်းမျိုးစုံနှင့် သွင်းယူခဲ့သည့် လက်နက်များနှင့် အကြမ်းဖက်သူများ၏ ထိတွေ့ပစ်ခတ် မှုများမှ



**နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်**

ဖမ်းဆီးရမိခဲ့သည့် လက်နက်မျိုးစုံ ၆,၃၁၁ လက်၊ ခဲယမ်းမျိုးစုံ ၃၃၅,၁၈၄ တောင့်၊ လက်ပစ်ဗုံး/ မိုင်း မျိုးစုံ ၁၁,၇၁၅ လုံးရှိပါကြောင်း၊ ဖြစ်ပွားခဲ့သည့် အကြမ်းဖက် ဖြစ်စဉ်များတွင် နောက်ကွယ်မှ လူအင်အားနှင့် လက်နက်၊ ခဲယမ်းအပါအဝင် စစ်အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့မှုရှိသည့် KIA၊ KNU နှင့် KNPP စသည့် နယ်မြေ များတွင်သာ ဖြစ်စဉ်အများဆုံး ဖြစ်ပေါ်နေသည်ကို တွေ့ရပါကြောင်း၊ ဖမ်းဆီးရမိသည့် လက်နက်များကို စစ်ဆေးကြည့်ပါက KIA ထုတ်လက်နက်များနှင့် KNU နယ်မြေ ထိုင်း-မြန်မာနယ်စပ်က လာသည့် လက်နက်တွေပင်ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် တရားမဝင်ထုတ်လုပ်တင်သွင်းသည့် လက်နက်များမရှိစေရန်အတွက် အချိန်ယူဆောင်ရွက်ရန် လိုအပ်သည်ကို တင်ပြလိုပါကြောင်း။

မိမိတို့အစိုးရ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်မှုအပေါ် တရားမဝင် ကော်မတီ၊ စင်ပြိုင်အစိုးရ၊ အကြမ်းဖက်အဖွဲ့အစည်းများဖွဲ့စည်းကာ နိုင်ငံအတွင်း လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုမရှိစေရေး နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်ခဲ့သည်များ ရှိပါကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၂၂ ရက် အထိ ၁၈ လတာကာလအတွင်း တစ်နိုင်ငံလုံး လက်ပစ်ဗုံး/ လက်လုပ်ဗုံး ပစ်ခံရမှု၊ မိုင်းခွဲမှု ၇,၂၄၆ ကြိမ်၊ တိုက်ခိုက်/ သတ်ဖြတ်ခံရမှု ၆,၅၆၇ ကြိမ်၊ မီးရှို့ခံရမှု ၁,၀၉၄ ကြိမ်၊ စုစုပေါင်း ၁၄,၉၀၇ ကြိမ် ဖြစ်ပွားခဲ့ပါကြောင်း၊ အစိုးရဝန်ထမ်းများ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၊ ရဟန်း/ သံဃာ/ သီလရှင်များ၊ ကလေးသူငယ်အပါအဝင် အပြစ်မဲ့အရပ်သား ၃,၄၈၃ ဦး သေဆုံးခဲ့ပြီး ၃,၀၆၅ ဦးဒဏ်ရာရရှိ၍ ၄၁ ဦးပျောက်ဆုံးမှု ရှိခဲ့ပါကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ၄,၀၂၆ ကြိမ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၂,၄၄၂ ကြိမ်၊ မန္တလေးတိုင်းဒေသကြီးတွင် ၂,၁၉၄ ကြိမ်၊ မကွေးတိုင်းဒေသကြီးတွင် ၁,၃၉၅ ကြိမ် ဖြစ်ပွားခဲ့ပြီး စသည်တို့မှာ အများဆုံး ဖြစ်ပွားခဲ့သည့်အတွက် အဆိုပါဒေသများအတွင်း မူလအခြေအနေများအတိုင်း လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုရှိအောင် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်သည်ကို တင်ပြလိုပါကြောင်း။

တစ်မျိုးသားလုံး လူညွန့်တုံးစေမည့် မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်နှိမ်နင်းရေးကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၁ ခုနှစ် တစ်နှစ်တာကာလတွင် မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်း စုစုပေါင်းမြန်မာငွေကျပ် ၉၇၀,၂၈၈.၉၇၁၄ သန်း (USD ၅၂၄.၄၈ သန်း)ကျော်၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ မေလအထိ မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်း စုစုပေါင်း မြန်မာငွေကျပ် ၅၇၆,၄၁၆.၆၆၅၁ သန်း(USD ၃၁၁.၅၈ သန်း) ကျော် ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ၂၀၂၂ ခုနှစ် ငါးလအတွင်း ဖမ်းဆီးရမိသည့် တန်ဖိုးသည် ၂၀၂၁ ခုနှစ်အတွင်း ဖမ်းဆီးရမိသည့် တန်ဖိုးထက် ထက်ဝက်ကျော်ရှိသည့်အတွက် မိမိတို့အစိုးရလက်ထက်တွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ပိုမိုအရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်ပါကြောင်း၊ အဆိုပါမူးယစ်ဆေးဝါးများသည် ရှမ်းပြည်နယ်အတွင်းမှ အဓိကလာခြင်းဖြစ်သည်ကို မိမိတို့ဖော်ထုတ်ရရှိထားပြီးဖြစ်သည့်အတွက် မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ယူ၊ ရောင်းချမှုများ လုံးဝမရှိသည်အထိ ရှာဖွေ၊ ဖော်ထုတ်နှိမ်နင်းနိုင်ရန် လိုအပ်မည်ဖြစ်သည်ကို တင်ပြလိုပါကြောင်း။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လုပ်ငန်းစဉ်(၅) **“အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး

**ဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်”** ဟူသည့်အချက်အား ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ပြောကြားရာတွင် **“ကျွန်တော်တို့ အစိုးရအနေနဲ့ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး အစဉ်တစိုက် ဦးတည်ချက်ထား ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းစဉ်(၁) ဆောင်ရွက်နေမှုများ၊ ဆောင်ရွက်ရန် ကျန်သည်များကို ပြည့်ပြည့်စုံစုံ တင်ပြပြီး ဖြစ်ပါတယ်။**

**စစ်မှန် စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ခိုင်မာစေဖို့ အခြေခံဟာ “လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ”ပဲ ဖြစ်ပါတယ်။ ရွေးကောက်ပွဲကမှတစ်ဆင့် ရရှိလာတဲ့ ရလဒ်တွေအရ လွှတ်တော်အသီးသီးနဲ့ အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းတည်ဆောက်ပြီး နိုင်ငံတော်ယန္တရားကို လည်ပတ်ကြရပါတယ်။ ဒါ့ကြောင့် ရွေးကောက်ပွဲမှာ တိုင်းရင်းသားတွေ၊ ဒေသတွေနဲ့ နိုင်ငံအနှံ့ လူထု လူတန်းစားအလွှာအသီးသီးကို ကိုယ်စားပြုတဲ့သူတွေ ဝင်ရောက်အရွေးချယ်ခံနိုင်ဖို့နဲ့ နိုင်ငံအနှံ့ အကြားအလပ်မရှိ ရွေးကောက်ပွဲကျင်းပနိုင်ဖို့ လိုအပ်ကြောင်း တင်ပြလိုပါတယ်။**

**ကျွန်တော်တို့နိုင်ငံမှာ ပါတီစုံဒီမိုကရေစီစနစ် စတင်ကျင့်သုံးတဲ့ ကာလကစပြီး အထွေထွေရွေးကောက်ပွဲ(၃)ကြိမ်ကျင်းပခဲ့ပါတယ်။ နိုင်ငံမှာ မြို့နယ် ၃၃၀ မြို့နယ် ရှိပြီး ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ၃၂၅ မြို့နယ်၊ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲမှာ ၃၂၃ မြို့နယ်နဲ့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ၃၁၅ မြို့နယ်တို့မှာ ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ပါတယ်။ တစ်ကြိမ်ထက်တစ်ကြိမ် ရွေးကောက်ပွဲကျင်းပနိုင်တဲ့ မြို့နယ်အရေအတွက် နည်းပါးလာတာကို တွေ့ရပါမယ်။ ဒီမိုကရေစီစနစ်နဲ့ ရွေးချယ်ခံရပြီး ဒီမိုကရေစီစနစ်ကို ဖော်ဆောင်မယ်ဆိုတဲ့ အစိုးရတွေလက်ထက်မှာမှ ရွေးကောက်ပွဲမကျင်းပဖြစ်လို့ ဒီမိုကရေစီအခွင့်အရေး ဆုံးရှုံးရတဲ့ တိုင်းရင်းသားဒေသတွေများပြားလာတာကို သတိပြုဖွယ်တွေ့ရမှာဖြစ်ပါတယ်။ နိုင်ငံအနှံ့ အကြားအလပ်မရှိ ရွေးကောက်ပွဲကျင်းပနိုင်ရေး ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များရှိနေသေးကြောင်း တင်ပြလိုပါတယ်။**

**ရွေးကောက်ပွဲမကျင်းပဖြစ်တဲ့ မြို့နယ်တွေမှာ တည်ငြိမ်အေးချမ်းမှုမရှိလို့လို့ အကြောင်းပြချက်များရှိပါတယ်။ တည်ငြိမ်အေးချမ်းမှုမရှိခြင်းနဲ့ အဓိကအကြောင်းအရာကတော့ လက်နက်ကိုင် ပဋိပက္ခများရှိနေခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပေါ်ပေါက်လာခြင်းကြောင့်ဖြစ်ပါတယ်။ ဒီကိစ္စတွေကို ဖြေရှင်းနိုင်ဖို့ တိုင်းရင်းသားတွေနဲ့ တိုင်းရင်းသားဒေသတွေကို အခွင့်အရေး ပိုမိုဆောင်ရွက်နိုင်ဖို့ လိုတယ်ဆိုတာကို ကျွန်တော်တို့အစိုးရအနေနဲ့ တွေ့ရှိရပါတယ်။ တိုင်းရင်းသားတွေ၊ တိုင်းရင်းသားဒေသတွေနဲ့ လူထုလူတန်းစားအသီးသီးကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်များ တရားဝင်နိုင်ငံရေးစင်မြင့်ဖြစ်တဲ့ လွှတ်တော်ထဲကိုရောက်ရှိလာဖို့ ဆောင်ရွက်ပေးရမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။**

**ကျွန်တော်တို့နိုင်ငံမှာ လက်ရှိရှိနေတဲ့ နိုင်ငံရေးပါတီ ၉၂ ပါတီကို အမျိုးအစား ခွဲခြားကြည့်တဲ့အခါမှာ (၁) နိုင်ငံရေးအယူဝါဒ၊ အယူအဆကို ကိုယ်စားပြုတဲ့ပါတီ ၄၃ ပါတီ၊ (၂) ဒေသကို ကိုယ်စားပြုတဲ့ နိုင်ငံရေးပါတီ ၃၀ ပါတီနဲ့ (၃) တိုင်းရင်းသားလူမျိုးစုများကို ကိုယ်စားပြုတဲ့ပါတီ ၁၉ ပါတီ ဆိုပြီး သုံးမျိုး၊ သုံးစား ခွဲခြားတွေ့ရှိရပါတယ်။ အားလုံးဟာ ကိုယ် အစုအဖွဲ့နဲ့ကိုယ် ထောက်ခံမှုများ၊ ကိုယ်စားပြုမှုများ ရှိကြပါတယ်။ ဒီကိုယ်စားပြုမှုများကို ကျယ်ကျယ်ပြန့်ပြန့်ဖော်ဆောင် လုပ်ဆောင်နိုင်ရေး လက်ရှိအသုံးပြုနေတဲ့ နိုင်သူအကုန်ယူ (First Past The Post-FPTP) ရွေးကောက်ပွဲစနစ်ဟာ ပြည့်ပြည့်စုံစုံ လုံလောက်မှုမရှိတဲ့အတွက် အချိုးကျ ကိုယ်စားပြု စနစ် (Proportional Representation-PR) ကိုပါ ထည့်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး

**သွင်းဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ဆောင်ရွက်နိုင်ဖို့အတွက် ရွေးကောက်ပွဲကော်မရှင်အပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းတွေဟာ ကြိုတင်ပြင်ဆင်မှု၊ စီမံဆောင်ရွက်မှုတွေ ဆက်လက်ပြုလုပ်ရဦးမှာဖြစ်ပါတယ်။ နိုင်ငံရေးပါတီများကိုလည်း ရွေးကောက်ပွဲစနစ်နဲ့ ဆီလျော်တဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ပြုလုပ်ရမှာဖြစ်ပါတယ်။ ပြည်သူလူထုကိုလည်း ရွေးကောက်ပွဲစနစ်နဲ့ပတ်သက်ပြီး ပညာပေးမှုများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ရန် လိုအပ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် ပြင်ဆင်ချိန်၊ လုပ်ဆောင်ချိန်တွေ လိုအပ်ကြောင်း တင်ပြအပ်ပါတယ်။" ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်မာအောင် ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ပြောကြားရာတွင် "ယနေ့တပ်မတော်က နိုင်ငံတော်တာဝန်ကို ရယူထမ်းဆောင်နေရခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဆောင်ရွက်နေခြင်းပဲ ဖြစ်ပါတယ်။ ယခင်အစိုးရတာဝန်ရှိသူတွေ၊ ရွေးကောက်ပွဲကိုယ်စားလှယ်တွေနဲ့ ရွေးကောက်ပွဲမှာ တာဝန်ရှိသူအသီးသီးတို့က အခြေခံဥပဒေနဲ့ တည်ဆဲဥပဒေတွေကို ချိုးဖောက်ခဲ့တဲ့အတွက် ဒီလိုဖြစ်ခဲ့ရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ တည်ထောင်စ ဒီမိုကရေစီစနစ် ညှိုးနွမ်းခဲ့ရပါတယ်။ ဒီလိုကိစ္စတွေ ထပ်မဖြစ်ဖို့ လိုပါတယ်။ ဒီမိုကရေစီအနိုင်ကျင့်မှု၊ ဒီမိုကရေစီအမည်ခံ အာဏာရှင်စနစ် ထူထောင်မှု၊ အဖွဲ့အစည်း(Institution)ထက် ပုဂ္ဂိုလ်ရေးဩဇာ ထူထောင်မှုတွေ ထပ်မံမပေါ်ပေါက်အောင် ဆောင်ရွက်ရပါမယ်။ ရွေးကောက်ပွဲတွေမှာ ကြီးမားတဲ့ မဲမသမာမှုတွေ မဖြစ်အောင် ဆောင်ရွက်ရပါမယ်။ ဒီအတွက်ခုအချိန်မှာ အခြေခံအုတ်မြစ်တွေ တည်ဆောက်ဖို့လိုပါမယ်။ အခြေခံရမယ့် အချက်တွေ ခိုင်မာဖို့ လိုပါမယ်။ ဒါတွေကို ဆောင်ရွက်နိုင်ဖို့ ပြည်သူလူထုနဲ့ ပြည်ထောင်စုနိုင်ငံရဲ့ အနာဂတ်ကောင်းကျိုးကို ရည်မှန်းပြီး ကျွန်တော်တို့ အစိုးရက ဆောင်ရွက်လျက်ရှိပါတယ်။**

**ကျွန်တော်တို့နိုင်ငံမှာ ပြည်သူလူထုရဲ့ဆန္ဒဖြစ်တဲ့ "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်" ကို ခိုင်မာအောင် ဆက်လက်တည်ဆောက်သွားရမှာ ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို ခိုင်ခိုင်မာမာ အာမခံပြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမူများဖြစ်တဲ့ ပုဒ်မ ၆၊ ၇၊ ၈ မှာပါဝင်တဲ့ ဒီ့တာဝန်အရေးသုံးပါး၊ ပါတီစုံဒီမိုကရေစီစနစ်၊ ပြည်ထောင်စုစနစ်တို့ကို ကာကွယ်စောင့်ရှောက်ဖို့ ပုဒ်မ ၂၀(စ)အရ တပ်မတော်မှာ အဓိကတာဝန်ရှိပါတယ်။ တပ်မတော်အနေနဲ့ နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူလူထုအကျိုးအတွက် ကာကွယ်စောင့်ရှောက်သူ (Guardian) အဖြစ် ဒီတာဝန်တွေကို ထမ်းဆောင်သွားမှာ ဖြစ်ပါတယ်။**

ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တာဝန်များကို အောင်မြင်ပြီးမြောက်သည်အထိ ထမ်းဆောင်နိုင်ရေး ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအား နောက်ထပ် ၆ လ သက်တမ်းတိုး တာဝန်ထမ်းဆောင်ခွင့်ပြုနိုင်ပါရန် တင်ပြသည်။

ထို့နောက် ယာယီသဘာပတိ ဦးမြင့်ဆွေက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ အချိန်ကာလ တိုးမြှင့်ပေးရန်ကိစ္စနှင့်စပ်လျဉ်း၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအား ဆွေးနွေးကြရန် တစ်ဦးချင်း ဖိတ်ခေါ်သည်။ အဖွဲ့ဝင်များက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၁၊ ပုဒ်မခွဲ(ခ)၏ လုပ်ပိုင်ခွင့်များအရ လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၂၅ နှင့်အညီ နိုင်ငံတော်၏ နိုင်ငံရေးအရ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထား

သည့်ကာလကို နောက်ထပ် ၆ လ တိုးမြှင့်သတ်မှတ်ရန် တင်ပြမှုကို တညီတညွတ်တည်း ထောက်ခံကြောင်း ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖြည့်စွက်ဆွေးနွေးရာတွင် မိမိဆွေးနွေးတင်ပြခဲ့မှုများသည် ပကတိအခြေအနေများအတိုင်း တင်ပြခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲ ပြီးဆုံးချိန်ကတည်းက မဲစာရင်းကွဲလွဲမှုများဖြစ်ပေါ်ခဲ့သဖြင့် မိမိတို့အနေဖြင့် တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းခဲ့သော်လည်း ယခင်အစိုးရအနေဖြင့် မျက်ကွယ်ပြုခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီသာ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်ပြီး တည်ဆဲဥပဒေများအတိုင်း လိုက်နာလုပ်ဆောင်လျက်ရှိပါကြောင်း။

တပ်မတော်သည် ပြည်ပရန် ကာကွယ်ရေးအတွက် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ပြည်တွင်းလုံခြုံရေးအတွက် မဟုတ်ပါကြောင်း၊ သို့သော်နိုင်ငံ၏ အခြေအနေအရ လိုအပ်လာပါက အစိုးရမှ တာဝန်ပေးအပ်လာချိန်တွင်သာ ပြည်တွင်းလုံခြုံရေးအတွက် တာဝန် ထမ်းဆောင်ရခြင်းဖြစ်ပါကြောင်း၊ ဖဆပလ အစိုးရခေတ်ကတည်းကပင် ကာကွယ်ရေးနှင့် ပြည်တွင်းလုံခြုံရေးကို တာဝန်ပေးချက်အရ ပူးတွဲဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

အာဆီယံ ဘုံသဘောတူညီချက်(၅)ရပ်ကို ၂၀၂၁ ခုနှစ်ကတည်းက အကောင်အထည်ဖော် ဆောင်ရွက်ရန် ကြိုးပမ်းခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့မှုများကြောင့် လုပ်ဆောင်ရန် ခက်ခဲခဲ့ပါကြောင်း၊ အာဆီယံသဘောတူညီချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက် လျက်ရှိပါကြောင်း၊ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုရှိရန်နှင့် စီးပွားရေးအရ တည်ငြိမ်အေးချမ်းမှုရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို လျှောက်လှမ်းနေခြင်းဖြစ်သဖြင့် ရွေးကောက်ပွဲ ပြန်လည်ကျင်းပချိန်၌ တိုင်းရင်းသားများ၏ အခွင့်အရေးများ အပြည့်အဝရရှိ၍ လွှတ်တော်၌ တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်လာနိုင်ရေး ဆောင်ရွက်ပေးသွားရမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ယာယီသမ္မတဦးမြင့်ဆွေက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၈ လတာ ကာလအတွင်း နိုင်ငံတော်တာဝန်များကို အစိုးရက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်နှင့်အညီ တာဝန်ထမ်းဆောင်ခဲ့မှုအခြေအနေများ၊ ရှေ့ဆက်လက်လုပ်ဆောင်သွားရမည့် အခြေအနေများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည့်ပြည့်စုံစုံ ရှင်းလင်းဆွေးနွေးသွားသည်ကို တွေ့ရကြောင်း၊ ပြည်တွင်း၊ ပြည်ပ တားဆီးနှောင့်ယှက်မှုများ၊ အခက်အခဲများကြားမှ ကြံ့ကြံ့ခံပြီး နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားဖြစ်သည့် "ဒို့တာဝန်အရေး ၃ ပါး"ကို ကာကွယ်စောင့်ရှောက်ပေးခဲ့သည်ကို အသိအမှတ်ပြုကြောင်း၊ မိမိတို့နိုင်ငံတွင် အခက်အခဲ အကြပ်အတည်းများ၊ ကြီးမားသည့် အငြင်းပွားမှုများ ပေါ်လာသည့်အချိန်တိုင်း ရှေ့မှထွက်၍ ကာကွယ်ရပ်တည်ပေးခဲ့ခြင်းသည် တပ်မတော်ဟူသည့် ခိုင်မာစနစ်ကျသည့် အဖွဲ့အစည်း (Institution)ပင် ဖြစ်ကြောင်း၊ ယခင်အစိုးရလက် ထက် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များကို ဖြေရှင်းပေးနိုင်ရေးဆွေးနွေးညှိနှိုင်းရန် အကြိမ်ကြိမ်တိုက်တွန်းကြိုးပမ်းခဲ့ကြောင်း၊ ဒီမိုကရေစီအမည်ခံ အစိုးရနှင့်တာဝန်ရှိသူများသည် ယင်းစေ့စပ်ဆွေးနွေးညှိနှိုင်းအဖြေရှာရေးလမ်းကြောင်းကို လစ်လျူရှုပြီး ထင်ရာစိုင်းခဲ့ကြသောကြောင့် နောက်ဆက်တွဲအခြေအနေများ ဖြစ်လာရခြင်းဖြစ်သည်ကို အားလုံးအသိပင် ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်သည် "**အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်၊ ဒို့တာဝန်အရေး ၃ ပါးကို ကာကွယ်စောင့်ရှောက်ရန်၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို စောင့်ရှောက်ရန်**" အဓိကတာဝန်ရှိကြောင်း၊ ယင်းတို့သည် ဖန်တီးထားသည့် တာဝန်များမဟုတ်ဘဲ သမိုင်းက ပေးလာသည့် သမိုင်းပေးတာဝန်များသာ ဖြစ်ကြောင်း။

ယနေ့ မိမိတို့နိုင်ငံတွင် နိုင်ငံရေးအရ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာပြီး တပ်မတော်က အခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက နိုင်ငံ့တာဝန်များကို ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်၊ အမျိုးသားရေးလုပ်ငန်းစဉ်(၂)ခု၊ နိုင်ငံရေးလုပ်ငန်းစဉ်(၂)ခုတို့နှင့်အညီ ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ ထို့အပြင် မြန်မာပြည်သူလူထု၏ ပြင်းပြသည့် ဆန္ဒဖြစ်သော "စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်"ကို မယိမ်းယိုင်အောင် ကာကွယ်ပေးနေသည်ကိုလည်း တွေ့ရကြောင်း၊ "ပြည်သူ့ဒီမိုကရေစီစနစ်"နှင့် "အမျိုးသားဒီမိုကရေစီစနစ်"ကို ဘက်ညီမျှတအောင် ဆောင်ရွက်ပေးနေသည်ကို တွေ့ရကြောင်း၊ အနာဂါတ်ပြည်ထောင်စုနိုင်ငံတော်ကြီး ခိုင်မာစေရေး "ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု" အုတ်မြစ်ကို တည်ဆောက်နေသည်ကိုလည်း တွေ့ရကြောင်း။

"ယုံကြည်မှုဟာ ရဲစွမ်းသတ္တိ" (Belief is Courage) ဟု ကြားသိဖူးကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် တပ်မတော်အနေဖြင့် ယင်းသမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း၊ နိုင်ငံတော်၏လက်ရှိအခြေအနေများနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည့်လုပ်ငန်းများအရ မိမိတို့နိုင်ငံ၏ ရည်မှန်းချက်ဖြစ်သည့် "စစ်မှန်၍စည်းကမ်း ပြည့်ဝသည့် ပါတီစုံ ဒီမိုကရေစီစနစ်"ကို ခိုင်မာစေရေး၊ "ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု"တည်ဆောက်ရေးတို့ကို အခြေခံမှတစ်ဆင့် ဒီမိုကရေစီနည်းကျကျ ဖော်ဆောင်ပေးမည့် "လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ" ဖြစ်မြောက်စေရေးတို့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရကို နိုင်ငံရေးအရ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလအား (၆)လ သက်တမ်း ထပ်မံတိုးမြှင့်ပေးဖို့ မိမိအပါအဝင် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အဖွဲ့ဝင်များအားလုံးက တညီတညွတ်တည်း ထောက်ခံကြောင်း။

ထို့ကြောင့် ယနေ့အစည်းအဝေးကို တက်ရောက်လာကြသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအားလုံး၏ သဘောတူဆွေးနွေးဆုံးဖြတ်ချက်များအရလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၁၊ ပုဒ်မခွဲ(ခ)၏ လုပ်ပိုင်ခွင့်များအရလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ နှင့်အညီ နိုင်ငံတော်၏ နိုင်ငံရေးအရ "နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့် ကာလကို ၁-၈-၂၀၂၂ ရက်မှစ၍ နောက်ထပ် ၆ လ တိုးမြှင့်သတ်မှတ်ကြောင်း"နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ထပ်မံအပ်နှံကြောင်းကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ အသိပေးကြေညာအပ်ကြောင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့်လည်း ကြေညာချက် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ(တပ်မတော်) အနေဖြင့် နိုင်ငံတော်နှင့်ပြည်သူကို ကာကွယ်စောင့်ရှောက်သူ (Guardian)အဖြစ် သမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပေးရန်၊ တာဝန်ထမ်းဆောင်စဉ်ကာလတွင် နိုင်ငံအဝှမ်း တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး တို့အတွက် လုပ်သင့်လုပ်ထိုက်သည်များ အခြေခံသင့်၊ အခြေခံထိုက်သည်များကို ကြိုးပမ်းဆောင်ရွက်သွားကြရန်** မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၂/၂၀၂၂)ကို ရုပ်သိမ်းလိုက်ကြောင်း သိရှိရပါသည်။

**မြဝတီသတင်းစာ(၁-၈-၂၀၂၂)**

- **အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၂)၌ မိမိတို့အစိုးရ၏ တစ်နှစ် တာ တာဝန်ထမ်းဆောင်ခဲ့မှုအခြေအနေကို တင်ပြခဲ့ရာ ၎င်းကာလဖြစ်ပေါ်ခဲ့သည့် အခြေအနေများအရ ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့်အညီ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ပထမ ၆ လသက်တမ်း တိုးမြှင့်ရန် အမျိုးသားကာ ကွယ်ရေးနှင့် လုံခြုံရေးကောင်စီက သဘောတူအတည်ပြုခဲ့။**
- **လာမည့်ရွေးကောက်ပွဲ၌ ဥပဒေနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ များအနက် ၃-၅-၂၀၂၁ ရက်မှ ၃-၁၁-၂၀၂၂ ရက် အထိ ၁၈ လတာ ကာလသတ်မှတ်၍ အကျုံးဝင်သူ ဦးရေ ၃,၄၉၁,၃၆၄ ဦး(၃.၄ သန်းကျော်)အား ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုးထုတ်ပေးနိုင်ရေး ပန်းခင်းစီမံချက်ကို နိုင်ငံ အဝှမ်း ဆောင်ရွက်ပေးလျက်ရှိ။**
- **၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ဇူလိုင်လ ၂၈ ရက်နေ့အထိ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာ ၇၈,၄၇၇ ဦး၊ ရောဂါပိုး ကင်းစင်သွားသူ ၇၉,၅၉၂ ဦး၊ သေဆုံးသူ ၁၂၄ ဦး သာရှိခဲ့။**
- **မြန်မာနိုင်ငံအနေဖြင့် ဧပြီလကစတင်ပြီး ကာကွယ်ဆေးများ ထုတ်လုပ်လျက် ရှိပြီး ဇူလိုင်လ ၁ ရက်နေ့အထိ ကာကွယ်ဆေး ၄,၀၉၁,၆၂၅ (၄ သန်းကျော်) Doses ထုတ်လုပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကာကွယ်ဆေး ဝယ်ယူ ရရှိမှု၊ လှူဒါန်းမှု၊ ထုတ်လုပ်မှုများမှ ၈၀,၆၈၃,၂၂၅ (သန်း ၈၀ ကျော်) Doses ရရှိပြီးဖြစ်ပါကြောင်း၊ ကာကွယ်ဆေး ၁,၄၀၀,၀၀၀ (၁.၄ သန်း) Doses ထပ်မံဝယ်ယူရန် စာချုပ်ချုပ်ဆိုထားပြီးလည်းဖြစ်။**

- ကုန်သွယ်မှုအခြေအနေအရ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ လက်ရှိအချိန်ထိ ပို့ကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၁၆ ဒသမ ၃၇ ဘီလီယံ၊ သွင်းကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၁၅ ဒသမ ၃၇ ဘီလီယံ၊ ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၇၅ ဘီလီယံရှိပြီး ကုန်သွယ်မှုပိုငွေ အမေရိကန် ဒေါ်လာ ၁ ဘီလီယံရှိ။
- လာမည့် စိုက်ပျိုးရာသီတွင် နှမ်းစပါး၊ ပဲ၊ ပြောင်း၊ ဆီထွက်သီးနှံများကို Contract Farming စနစ်ဖြင့် တစ်နိုင်ငံ လုံးမှာ စိုက်ပျိုးနိုင်ရေးအတွက် ၄၀၀ ဘီလီယံကျပ် မြှုပ်နှံစီမံဆောင်ရွက်လျက်ရှိ။
- တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်း ရေးအတွက် စတင်ထုတ်ပြန်ခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် ၂၀၂၂ ခုနှစ်ကုန် အထိပစ်ခတ် တိုက် ခိုက်မှုရပ်စဲရေးအား ထုတ်ပြန်ခဲ့သည့်အတွက် ငြိမ်းချမ်းရေးအတွက် ထုတ်ပြန်မှုပေါင်း ၂၁ ကြိမ်ထုတ်ပြန်ခဲ့။
- ၁၈ လတာကာလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် EAO အဖွဲ့များ တွေ့ဆုံမှု ၉ ကြိမ်၊ ညှိနှိုင်းရေးကော်မတီနှင့် တွေ့ဆုံမှုအနေဖြင့် EAO အဖွဲ့များ၊ နိုင်ငံရေးပါတီ များ၊ ငြိမ်းချမ်းရေးကို လိုလားသည့် အခြားအဖွဲ့အစည်းများစသည်ဖြင့် စုစုပေါင်း ၇၅ ကြိမ်တွေ့ဆုံ၍ ငြိမ်းချမ်း ရေး၊ တိုင်းပြည်နှင့် ဒေသကောင်းကျိုးအတွက် ဆွေးနွေးနိုင်ခဲ့။
- ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ဇူလိုင် ၂၃ ရက်အတွင်း နိုင်ငံတွင်းကို နည်းမျိုးစုံနှင့် သွင်းယူခဲ့သည့် လက် နက်များနှင့် အကြမ်းဖက်သူများ၏ ထိတွေ့ပစ်ခတ်မှုများမှ ဖမ်းဆီးရမိခဲ့သည့် လက်နက်မျိုးစုံ ၆,၃၁၁ လက်၊ ခဲယမ်းမျိုးစုံ ၃၃၅,၁၈၄ တောင့်၊ လက်ပစ်ဗုံး/ မိုင်းမျိုးစုံ ၁၁,၇၁၅ လုံးရှိပြီး ဖြစ်ပွားခဲ့သည့် အကြမ်းဖက် ဖြစ်စဉ်များတွင် နောက်ကွယ်မှ လူအင်အားနှင့် လက်နက်၊ ခဲယမ်းအပါအဝင် စစ်အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့မှုရှိသည့် KIA၊ KNU နှင့် KNPP စသည့် နယ်မြေများတွင်သာ ဖြစ်စဉ်အများဆုံး ဖြစ်ပေါ်နေသည်ကို တွေ့ရှိရ။
- ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၂၂ ရက် အထိ ၁၈ လတာ ကာလအတွင်း တစ်နိုင်ငံ လုံး လက်ပစ်ဗုံး/ လက်လုပ်ဗုံး ပစ်ခံရမှု၊ မိုင်းခွဲမှု ၇,၂၄၆ ကြိမ်၊ တိုက်ခိုက်/သတ်ဖြတ်ခံရမှု ၆,၅၆၇ ကြိမ်၊ မီးရှို့ခံရမှု ၁,၀၉၄ ကြိမ်၊ စုစုပေါင်း ၁၄,၉၀၇ ကြိမ် ဖြစ်ပွားခဲ့ပါကြောင်း၊ အစိုးရဝန်ထမ်းများ၊ အုပ်ချုပ်ရေး ဆိုင်ရာ တာဝန်ရှိသူများ၊ ရဟန်း/ သံဃာ/ သီလရှင်များ၊ ကလေးသူငယ်အပါအဝင် အပြစ်မဲ့အရပ်သား ၃,၄၈၃ ဦး သေဆုံးခဲ့ပြီး ၃,၀၆၅ ဦးဒဏ်ရာ ရရှိ၍ ၄၁ ဦးပျောက်ဆုံးခဲ့။
- အကြမ်းဖက်တိုက်ခိုက်မှုများအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ၄,၀၂၆ ကြိမ်၊ ရန်ကုန်တိုင်းဒေသကြီး တွင် ၂,၄၄၂ ကြိမ်၊ မန္တလေးတိုင်းဒေသကြီးတွင် ၂,၁၉၄ ကြိမ်၊ မကွေးတိုင်းဒေသကြီးတွင် ၁,၃၉၅ ကြိမ် ဖြစ်ပွားခဲ့။
- ၂၀၂၁ ခုနှစ် တစ်နှစ်တာကာလတွင် မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်း စုစုပေါင်း မြန်မာငွေကျပ် ၉၇၀,၂၈၈.၉၇၁၄ သန်း (USD ၅၂၄.၄၈ သန်း)ကျော်၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ မေလအထိ မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်း စုစုပေါင်း မြန်မာငွေကျပ် ၅၇၆,၄၁၆.၆၆၅၁ သန်း(USD ၃၁၁.၅၈ သန်း) ကျော် ဖမ်းဆီးရမိခဲ့။
- တပ်မတော်အနေနဲ့ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို ခိုင်ခိုင်မာမာ အာမခံပြီးဖြစ်။
- တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူလူထုအကျိုးအတွက် ကာကွယ်စောင့်ရှောက်သူ (Guardian)အဖြစ် ဆောင်ရွက်သွားမည်ဖြစ်။

- ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ပြီးဆုံးချိန်ကတည်းက မဲစာရင်းကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့သဖြင့် မိမိတို့အနေဖြင့် တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းခဲ့သော်လည်း ယခင်အစိုးရအနေဖြင့် မျက်ကွယ်ပြုခဲ့ပြီး မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီသာ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်ကာ တည်ဆဲဥပဒေများအတိုင်း လိုက်နာလုပ်ဆောင်လျက်ရှိ။
- ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို လျှောက်လှမ်းနေခြင်းဖြစ်သဖြင့် ရွေးကောက်ပွဲပြန်လည်ကျင်းပချိန်၌ တိုင်းရင်းသားများ၏ အခွင့်အရေးများ အပြည့်အဝရရှိ၍ လွှတ်တော်၌ တိုင်းရင်းသားကိုယ်စားလှယ်များပါဝင်လာနိုင်ရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်။
- ယာယီသမ္မတက ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ခဲ့သဖြင့် တပ်မတော်အနေဖြင့် သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များကို ဖြေရှင်းပေးနိုင်ရေး ဆွေးနွေးညှိနှိုင်းရန် အကြိမ်ကြိမ် တိုက်တွန်းကြိုးပမ်းခဲ့သော်လည်း ဒီမိုကရေစီအမည်ခံအစိုးရနှင့် တာဝန်ရှိသူများသည် ယင်းစေ့စပ်ဆွေးနွေးညှိနှိုင်းအဖြေရှာရေးလမ်းကြောင်းကို လစ်လျူရှုပြီး ထင်ရာစိုင်းခဲ့ကြသောကြောင့် နောက်ဆက်တွဲအခြေအနေများဖြစ်လာရခြင်းဖြစ်။
- မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တပ်မတော်သည် "အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်၊ ဒို့တာဝန်အရေး ၃ ပါးကို ကာကွယ်စောင့်ရှောက်ရန်၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို စောင့်ရှောက်ရန်" အဓိကတာဝန်ရှိ။
- တပ်မတော်က အခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက နိုင်ငံ့တာဝန်များကို ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်၊ အမျိုးသားရေးလုပ်ငန်းစဉ်(၂)ခု၊ နိုင်ငံရေးလုပ်ငန်းစဉ်(၂)ခုတို့နှင့်အညီ ဆောင်ရွက်နေသည်ကို တွေ့ရှိရ။
- အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအားလုံး၏ သဘောတူဆွေးနွေးဆုံးဖြတ်ချက်များအရ လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၁၊ ပုဒ်မခွဲ(ခ) ၏ လုပ်ပိုင်ခွင့်များအရ လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ နှင့်အညီ နိုင်ငံတော်၏ နိုင်ငံရေးအရ "နိုင်ငံတစ်ဝန်းလုံး အရေးပေါ် အခြေအနေ ကြေညာထားသည့်ကာလကို ၁-၈-၂၀၂၂ ရက်မှစ၍ နောက်ထပ် ၆ လ တိုးမြှင့်သတ်မှတ်ကြောင်း"နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ထပ်မံအပ်နှံကြောင်းကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ အသိပေးကြေညာခဲ့။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၈ လပြည့် နိုင်ငံတော်တာဝန် ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် မိန့်ခွန်း




**တိုင်းရင်းသားပြည်သူများခင်ဗျား-**

ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနဲ့ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့တာ ဒီနေ့ဆိုရင် ၁၈ လ(တစ်နှစ်နဲ့ခြောက်လ)ပြည့်မြောက်တဲ့နေ့ပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူလူထုအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျား။ မနေ့က အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးကျင်းပပြီး နိုင်ငံတော်ရဲ့အခြေအနေအရပ်ရပ်ကို အစီရင်ခံတင်ပြခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့သက်တမ်းကို နောက်ထပ် ၆ လ တိုးမြှင့်သတ်မှတ်ခဲ့ပါတယ်။

ဒီနေ့မှာတော့ ကျွန်တော်တို့အစိုးရရဲ့ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာလုပ်ဆောင်ချက်များ၊ လူမှုရေးဆိုင်ရာလုပ်ဆောင်ချက်များ၊ အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ်နဲ့ စီးပွားရေးလုပ်ငန်းစဉ်(၂)ရပ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနဲ့ ဆက်လက်ဆောင်ရွက်သွားမယ့်အခြေအနေများကို အသိပေးပြောကြားသွားပါမယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား**

**ဦးစွာ နိုင်ငံရေးနှင့်လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ချက်များအနေနဲ့**

တပ်မတော်အနေနဲ့ ၂၀၂၀ ရွေးကောက်ပွဲမှာ မဲမသမာမှုတွေရှိခဲ့လို့ ဖြေရှင်းပေးနိုင်ဖို့ တင်ပြမှုအပေါ် တာဝန်ရှိသူတွေက ဖြေရှင်းပေးမှုမရှိတဲ့အပြင် နိုင်ငံတော်အာဏာအရပ်ရပ်ကို အတင်းအဓမ္မရယူဖို့ ကြိုးပမ်းခဲ့တဲ့အတွက် တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာထမ်းဆောင်ခဲ့ရပါတယ်။ နိုင်ငံတော်တာဝန်ထမ်းဆောင်တဲ့အချိန်အတွင်းမှာ တာဝန်တွေကို ကျွန်တော်တို့စွမ်းအားရှိသမျှ ကြိုးစားထမ်းဆောင်ခဲ့ပါတယ်။ သို့သော်လည်း ပြည်တွင်း၊ ပြည်ပအကြမ်းဖက်သမားတွေနဲ့ ၎င်းတို့ကိုအားပေးနေတဲ့ လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေဟာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီထွန်းကားရေးထက် အလုံးစုံပျက်သုဉ်းရေးကိုသာ ဦးတည်ဆောင်ရွက်ခဲ့ပါတယ်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းပြည်အတွင်း ငြိမ်းချမ်းသာယာမှုရှိရေးဟာ အရေးကြီးပါတယ်။ တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့ကနေ ၂၀၂၂ ခုနှစ်ကုန်အထိ ငြိမ်းချမ်းမှုရစေဖို့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ၂၁ ကြိမ် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။

၁၈ လတာကာလအတွင်း ကျွန်တော်ကိုယ်တိုင် EAO အဖွဲ့တွေနဲ့တွေ့ဆုံမှု ၉ ကြိမ်၊ ညှိနှိုင်းရေးကော်မတီအနေနဲ့ EAO အဖွဲ့တွေ၊ နိုင်ငံရေးပါတီတွေ၊ ငြိမ်းချမ်းရေးကိုလိုလားတဲ့ အခြားအဖွဲ့အစည်းစတဲ့ အဖွဲ့တွေနဲ့ စုစုပေါင်း ၇၅ ကြိမ်တွေ့ဆုံကာ ငြိမ်းချမ်းရေး၊ တိုင်းပြည်နဲ့ ဒေသကောင်းကျိုးအတွက် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား-**

၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ်သတ်မှတ်ထားရှိခဲ့ပါတယ်။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ ငြိမ်းချမ်းရေးကို လက်တွေ့ကျကျအ ကောင်အထည်ဖော်နိုင်ဖို့ လိုအပ်တဲ့အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေကို ကိုယ်တိုင်ကိုယ်ကျ ဆွေးနွေးနိုင်ဖို့ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့မှာ ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပါတယ်။ NCA လက်မှတ်ရေးထိုးထားပြီးဖြစ်တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ထဲကမှ ၇ ဖွဲ့၊ လက်မှတ်မရေးထိုးထားရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထဲမှ ၃ ဖွဲ့၊ စုစု ပေါင်း ၁၀ ဖွဲ့တို့မှ တွေ့ဆုံဆွေးနွေးနိုင်ဖို့ အကြောင်းပြန်ကြားခဲ့ပါတယ်။ ကျွန်တော်အခုအဖွဲ့ ၉ ဖွဲ့နဲ့ တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ကျန် ၁ ဖွဲ့နဲ့လည်း မကြာမီ တွေ့ဆုံဆွေးနွေးသွားမှာဖြစ်ပြီး တွေ့ဆုံဆွေးနွေးပြီး အဖွဲ့တွေနဲ့လည်း ဒုတိယအကျော့ တွေ့ဆုံဆွေးနွေးမှုတွေ ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ အဲ့ဒီလို တွေ့ဆုံဆွေးနွေးရာမှာ ပြည်သူလူထုဆန္ဒနဲ့ကိုက်ညီတဲ့ ပါတီစုံဒီမိုကရေစီကျင့်သုံးဆောင်ရွက်ရေး၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး၊ ဒေသနဲ့တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်ပြီး ဖြစ်သင့်တာနဲ့ဖြစ်ချင်တာတွေကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၁/၂/ ၃) ပါသဘောတူညီချက်တွေနဲ့ပတ်သက်ပြီးလည်းကောင်း၊ အစိတ်အပိုင်း(၃)ပါ ဆက်လက်ဆွေးနွေးရန်ကျန်ရှိတဲ့ ဇယား(၂)ပါအချက်တွေနဲ့ပတ်သက်ပြီးလည်းကောင်း ဆွေးနွေးမှုတွေကို ပြုလုပ်ခဲ့ပြီး သဘောတူညီချက်တွေကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေကို တွေ့ဆုံဆွေးနွေးနိုင်ရေး ကမ်းလှမ်းဖိတ်ခေါ်မှုနဲ့ပတ်သက်ပြီး ပထမအကြိမ်ဖိတ်ခေါ်မှုတွင် တက်ရောက်လာခြင်းမရှိသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအနေနဲ့ တက်ရောက်ဆွေးနွေးနိုင်ရေးကို ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့မှာ ထပ်မံဖိတ်ခေါ်ခဲ့ပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ ငြိမ်းချမ်းရေးတံခါးကို ကျယ်ကျယ်ပြန့်ပြန့် ဖွင့်ထားပါတယ်။ စိတ်ချယုံကြည်စွာ လျှောက်လှမ်းလာကြဖို့လည်း ဒီနေရာကနေ တိုက်တွန်းလိုပါတယ်။ ပြည်ထောင်စုကြီးရဲ့အကျိုး၊ ပြည်ထောင်စုဖွား တိုင်းရင်းသားများရဲ့အကျိုးကို ရည်မျှော်တယ်ဆိုရင် တွေ့ဆုံဆွေးနွေးကြခြင်းဟာ အကောင်းဆုံးဖြစ်တယ်လို့ ကျွန်တော်ပြောလိုပါတယ်။

အစိုးရရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တာဝန်ထမ်းဆောင်မှုအပေါ်မှာ တရားမဝင်ကော်မတီ၊ စင်ပြိုင်အစိုးရ၊ အကြမ်းဖက်အဖွဲ့အစည်းတွေဖွဲ့စည်းကာ နိုင်ငံအတွင်း လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုမရှိစေရေး နည်းလမ်းပေါင်းစုံနဲ့ လုပ်ဆောင်ခဲ့တာတွေရှိပါတယ်။ ၁၈ လတာ ကာလအတွင်း(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့အထိ) တစ်နိုင်ငံလုံး လက်ပစ်ဗုံး/ လက်လုပ်ဗုံး ပစ်ခတ်ခံရမှု၊ မိုင်းခွဲမှု ၇,၂၄၆ ကြိမ်၊ တိုက်ခိုက်/ သတ်ဖြတ်ခံရမှု ၆,၅၆၇ ကြိမ်၊ မီးရှို့ခံရမှု ၁,၀၉၄ ကြိမ်၊ စုစုပေါင်း ၁၄,၉၀၇ ကြိမ် ဖြစ်ပွားခဲ့ပါတယ်။ ရဟန်း/သံဃာ/သီလရှင်တွေ၊ အစိုးရဝန်ထမ်းတွေ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူတွေ၊ ကလေးသူငယ်အပါအဝင် အပြစ်မဲ့အရပ်သား ၃,၄၈၃ ဦး သေဆုံးခဲ့ပြီး ၃,၀၆၅ ဦး ဒဏ်ရာရရှိ၍ ၄၁ ဦး ပျောက်ဆုံးမှုရှိခဲ့ပါတယ်၊ အပြစ်မဲ့စွာ သေဆုံးသူများအတွက်လည်း များစွာစိတ်မကောင်းဖြစ်ရပါတယ်၊ အကြမ်းဖက်တိုက်ခိုက်သူများကိုလည်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားပါမယ်၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ ၄,၀၂၆ ကြိမ်၊ ရန်ကုန်တိုင်းဒေသကြီးမှာ ၂,၄၄၂ ကြိမ်၊ မန္တလေးတိုင်းဒေသကြီးမှာ ၂,၁၉၄ ကြိမ်၊ မကွေးတိုင်းဒေသကြီးမှာ ၁,၃၉၅ ကြိမ်တို့နဲ့ အများဆုံးဖြစ်ပွားခဲ့တဲ့အတွက် အဆိုပါဒေသတွေအတွင်း မူလအခြေအနေတွေအတိုင်း လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုရှိအောင် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တရားဥပဒေစိုးမိုးရေးအတွက် အလွန်အရေးကြီးတဲ့ မြို့နယ်အချို့မှအပ စစ်အုပ်ချုပ်ရေးမလုပ်ခဲ့ပါဘူး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနဲ့ ဥပဒေပြုရေးအာဏာသုံးရပ်ကို မည်သို့ပင်အပ်နှင်းထားစေကာမူ အခြေခံဥပဒေပါပြဋ္ဌာန်းချက်၊ တည်ဆဲဥပဒေများနှင့်အညီသာ ဆောင်ရွက်ပါတယ်၊ ၁၈ လတာကာလအတွင်း ကျွန်တော်တို့နိုင်ငံအတွင်းကို နည်းမျိုးစုံနဲ့ သွင်းယူခဲ့တဲ့ လက်နက်တွေနဲ့ အကြမ်းဖက်တွေနဲ့ ထိတွေ့ပစ်ခတ်မှုတွေမှာ ဖမ်းဆီးရမိခဲ့တဲ့ လက်နက်ဟာ လက်နက်မျိုးစုံ ၆,၃၁၁ လက်၊ ခဲယမ်းမျိုးစုံ ၃၃၅,၁၈၄ တောင့်နဲ့ လက်ပစ်ဗုံး/မိုင်း ၁၁,၇၁၅ လုံး သိမ်းဆည်းရမိခဲ့ပါတယ်။ အကြမ်းဖက်သူ ၆၂၃၆ ဦးကို ဖမ်းဆီးရမိခဲ့ပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံခြားရေးအခြေခံမူများအတိုင်း နိုင်ငံတကာသို့ ဆက်ဆံရာမှာ အကောင်းဆုံးဖြစ်အောင် ဆက်ဆံဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ပါတယ်။ ဒါ့ကြောင့် အာဆီယံရဲ့ပဋိညာဉ်တွေကိုလည်း လေးစားတန်ဖိုးထားပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာဖြစ်ပွားခဲ့တဲ့ နိုင်ငံရေးအခြေအနေတွေကြောင့် ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၄ ရက်က ပြုလုပ်ခဲ့တဲ့ အာဆီယံထိပ်သီး အစည်းအဝေးတက်ရောက်ပြီး ဘုံသဘောတူညီချက် ၅ ရပ်ချမှတ်ခဲ့ပါတယ်။ ဒီဘုံသဘောတူညီချက်ကို ထုတ်ပြန်ခဲ့တဲ့အခါ မြန်မာနိုင်ငံအနေနဲ့ ASEAN WAY, ASEAN PRITICE, ASEAN SPRIT များနဲ့သာ ဆောင်ရွက်မှာဖြစ်ကြောင်း ကြေညာထားပါတယ်။ ပြီးခဲ့တဲ့နှစ် ကာလအတွင်းမှာ မြန်မာနိုင်ငံမှာ ကိုဗစ်–

၁၉ ရောဂါဒုတိယလှိုင်းနဲ့ တတိယလှိုင်းမှာ ပြင်းထန်စွာခံစား ခဲ့ရပြီး ကိုဗစ်-၁၉ ကပ်ဘေးရောဂါကျော်လွှားဖို့ အပြင်းအထန် လုံးပန်းနေရသလို ပြည်တွင်းဆူပူဆန္ဒပြအကြမ်းဖက်မှုများကို ဖြေရှင်းဆောင်ရွက်နေရတဲ့အတွက် နိုင်ငံတည်ငြိမ်မှုမရှိလို့ အာ ဆီယံဘုံသဘောတူညီချက် အကောင်အထည်ဖော်နိုင်ဖို့ အခက် အခဲရှိခဲ့ပါတယ်။ ယခုနှစ်မှာတော့ အခြေအနေအားလုံး တိုးတက် လာပြီဖြစ်တဲ့အတွက် ဘုံသဘောတူညီချက် ၅ ရပ်ထဲက ဦး စားပေးဆောင်ရွက်နိုင်တာတွေ အဖြစ်နိုင်ဆုံး အာဆီယံမူဘောင် နဲ့အညီ ဆောင်ရွက်သွားပါမယ်။ နိုင်ငံအနေနဲ့ မိမိပြည်တွင်း ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး ၃ ရပ်ပါဝင် တဲ့ အချုပ်အခြာအာဏာကို ထိပါးမယ့်ကိစ္စတွေမဖြစ်အောင် သုံးသပ်ဆောင်ရွက်နေပါတယ်။ နိုင်ငံပုံမှန်အခြေအနေဖြစ်လာ တာနဲ့အမျှ တိုးတက်ဆောင်ရွက်မှုတွေ ရှိလာမှာဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့ကနေ ၁၆ ရက်နေ့အထိ ကျွန်တော့်အနေနဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံနဲ့ တာတာစတန် ပြည်နယ်တို့သို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ကာ ခရီးစဉ် ကာလအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာလုဂါပြည်နယ်၊ ETHNOMIR(အတာနာမီ) ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်အတွင်း ရှိ ရွှေစည်းခုံပုံတူစေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက် မြတ်နားတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေကာအနေက ဇာတင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ခဲ့ခြင်း၊ စစ်ဘက်၊ အရပ်ဘက်တာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးခြင်းတို့အပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ အထင်ကရနေရာများ၊ တက္ကသိုလ် များနဲ့ စက်ရုံ/အလုပ်ရုံများအား သွားရောက်လေ့လာခဲ့ကြပြီး ခရီးတိုကာလအတွင်း နိုင်ငံအတွက် အကျိုးရှိတဲ့ ဆွေးနွေးမှု များကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား-**

**စီးပွားရေးဆိုင်ရာဆောင်ရွက်ချက်များကို ဆက်လက် ပြောကြားပါမယ်-**

နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီးပွားရေး ဦးတည်ချက်(၃)ရပ်ကို အခြေခံမူဝါဒတွေချမှတ်ပြီး ဦးစားပေး အစီအစဉ်အတိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသီးသီးမှာရှိတဲ့ စိုက်ပျိုး/မွေးမြူရေးကို အခြေခံတဲ့စီးပွားရေးလုပ်ငန်းတွေကို အဓိကထားဆောင်ရွက်နေတဲ့ ကျေးလက်နေပြည်သူတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရည်ရွယ်ဆောင်ရွက် နေတာရှိပါတယ်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေကနေ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသ ရေး အမျိုးသားအဆင့်ဗဟိုကော်မတီရဲ့ ခွင့်ပြုချက်နဲ့ စိစစ် သုံးစွဲလျက်ရှိတဲ့ ရန်ပုံငွေလက်ကျန် ၄၉၁ ဒသမ ၁၈ ဘီလီယံ မှ ကျပ်ဘီလီယံ ၄၀၀ ကို သီးသန့်ရန်ပုံငွေတစ်ရပ် ထူထောင် ပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ကျန်စီးပွားရေးလုပ်ငန်း တွေကိုလည်း မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လွန်ခဲ့တဲ့နှစ်များအတွင်းမှာ ကိုဗစ်-၁၉ ကပ်ရောဂါ ကြောင့် ထိခိုက်ခဲ့ရတဲ့ စီးပွားရေးလုပ်ငန်းများ ပြန်လည်နလံ ထလာစေဖို့အတွက် ချေးငွေများ ထုတ်ပေးခဲ့တာရှိပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် သိသာတဲ့တိုးတက်မှုတော့ မရ သေးပါဘူး။ ဒါ့ကြောင့်စီးပွားရေးအား ပိုမိုကောင်းစေလာစေဖို့ ကုန်ထုတ်လုပ်မှုကို ဦးစားပေးတဲ့ ယခုလို ထပ်မံဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ အမြန်အကျိုးရလဒ်ဖြစ်စေမဲ့(Quick Win)လယ် ယာစိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းအတွက် ပထမဦးစားပေး ဆောင်ရွက်သွားပါမယ်။ လာမယ့်နွေစပါးနဲ့ ဆောင်းသီးနှံများ အနက် ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ပြောင်းစိုက်ပျိုးရေး၊ ကြက်၊ ဝက်၊ ငါး/ပုဇွန် မွေးမြူရေးနဲ့ တစ်သီးခြင်း၊ တစ်သုတ်ခြင်း ငွေကြေး စိုက်ထုတ်ပေးပြီး ဆောင်ရွက်ပါမယ်။ ဒုတိယဦးစားပေးက အဲ့ဒီ ထွက်ကုန်များကို ကုန်ချောဆောင်ရွက်ပေးတဲ့ စက်ရုံ၊ အလုပ်ရုံ များ အဆင့်မြှင့်တင်ရေး၊ SME မှာ အကျုံးဝင်မဲ့စက်ရုံများတည် ထောင်ရေးကို ထောက်ပံ့ဆောင်ရွက်ပါမယ်။ နောက်ကျန်တဲ့ စက်ရုံ၊ အလုပ်ရုံများအတွက် ဆောင်ရွက်ပါမယ်။ သီးခြားလို အပ်တဲ့လုပ်ငန်းများအတွက်လည်း တစ်ခုခြင်းစီမံဆောင်ရွက် သွားပါမယ်။ ကျွန်တော်ထင်ပါတယ်။ ၆ လအတွင်း တိုးတက် မှုရပါလိမ့်မယ်။ (တစ်)အလုပ်အကိုင် အခွင့်အလမ်းများစွာပေါ် လာမယ်၊ (နှစ်)အလုပ်လုပ်သူတိုင်းဝင်ငွေရလာမယ်၊ (သုံး)ဝယ် လိုအားတိုးတက်လာမယ်၊ (လေး)ရောင်းကုန်ပစ္စည်းများ တိုး တက်လာတဲ့အတွက် တိုင်းပြည်ဝင်ငွေ ပိုမိုတိုးတက်လာပါမယ်၊ တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာ သာရှိပါတယ်၊ တိုင်းပြည် အားနဲ့ တိုင်းပြည်တိုးတက်အောင် လုပ်ကြရပါမယ်။

ကျွန်တော်တို့အစိုးရ တာဝန်ထမ်းဆောင်စဉ်ကာလ အတွင်း ကုန်သွယ်မှုပိုငွေ အနေ နဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ လမှစ၍ ၂၀၂၂ ခုနှစ်၊ မေလအထိ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄ ဘီလီယံရှိခဲ့ပြီး နိုင်ငံအတွက် ဝင်ငွေများရရှိအောင် ပြည် တွင်းထွက်ကုန်တွေကို ပြည်ပသို့ ကုန်ကြမ်းတင်ပို့ခြင်းထက် ကုန်ချောတင်ပို့နိုင်ရေးကို ဦးစားပေးလုပ်ဆောင်လျက် ရှိပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ လူဦးရေတိုးတက်လာတာနဲ့အမျှ ဆီစားသုံးမှုတွေများပြားလာပါတယ်။ ဒါ့ကြောင့် ပြည်တွင်း စားသုံးမှုဖူလုံစေဖို့အတွက် နေရာဒေသမရွေး စိုက်ပျိုးနိုင်တဲ့ စားသုံးဆီထုတ်လုပ်ရေးကို တိုက်ရိုက်အကျိုးပြုနိုင်တဲ့ ၁ ဧက ဆီထွက်နှုန်း ပိဿာ ၁၄၀ ခန့်ရရှိတဲ့ နေကြာသီးနှံကို တိုးချဲ့ စိုက်ပျိုးဖို့ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၂၂-၂၀၂၃ ခုနှစ်မှာ နေကြာသီးနှံကို တစ်နိုင်ငံလုံး စိုက်ဧက ၁.၅ သန်းကျော် စိုက်

ပျိုးထုတ်လုပ်ဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။ သီးသန့်စိုက်ဧရိယာ ၆၉၈,၀၁၇ ဧက အတွက်လိုအပ်မယ့် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၀၀.၂၄၈ ဘီလီယံကို အစိုးရက ကိုဗစ်-၁၉ အထူးချေးငွေ ရန်ပုံငွေမှ လုပ်ထုံးလုပ်နည်းနဲ့အညီ ထုတ်ချေးခွင့်ပြုထားပြီး ဆောင်ရွက်လျက်ရှိနေပါတယ်။ ဆီနဲ့ပတ်သက်ပြီး စက်မှုသုံးဆီနဲ့ စားသုံးဆီ ၂ မျိုးရှိပါတယ်။ စက်မှုသုံးဆီက လျှော့ချမှုမဖြစ်နိုင်ပေမဲ့ စားသုံးနှုန်းများပြားနေတဲ့ စားသုံးဆီကိုတော့ အတတ်နိုင်ဆုံး လျှော့ချသုံးစွဲဖို့ ကျွန်တော်တိုက်တွန်းလိုပါတယ်။ တိုင်းရင်းသားပြည်သူများဘက်ကလည်း တတ်နိုင်တဲ့ဘက်က ကူညီဆောင်ရွက်ပေးကြပါလို့ပြောလိုပါတယ်။

**ကျွန်တော်တို့ နိုင်ငံမှာ အဓိကစိုက်ပျိုးနေတဲ့ သီးနှံများအနက် မြေပဲတစ်မျိုးသာ ပန်းတိုင်ရည်မှန်းချက်ပြည့်မီပြီး ကျန်ပဲသီးနှံ၊ ဆီထွက်သီးနှံများဟာ ထပ်မံကြိုးစားဆောင်ရွက်ဖို့လိုနေပါတယ်။ စိုက်ဧကတိုးချဲ့စရာမလိုဘဲ အထွက်နှုန်းတိုးအောင် ဆောင်ရွက်နိုင်ရင် ဝင်ငွေများစွာတိုး တက်လာမှာပါ။ နိုင်ငံတော်ပိုင်းက ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ စိုက်ပျိုးရေရရှိရေး တတ်နိုင်သမျှ ကြိုးစားဆောင်ရွက်နေပါတယ်။ လယ်ယာလုပ်ငန်းသုံး ဒီဇယ်ဆီများရရှိရေးအတွက်လည်း နည်းလမ်းပေါင်းစုံနဲ့ ကြိုးစားနေပါတယ်။**

**တိုင်းရင်းသားပြည်သူများခင်ဗျား–**

**လက်ရှိကမ္ဘာ့နိုင်ငံရေးအခြေအနေအရ CNG ဈေးနှုန်းတွေ အဆမတန်ကြီးမြင့်မှုတွေ ရှိပါတယ်။ နိုင်ငံမှာလည်း သဘာဝဓာတ်ငွေ့လုံလောက်စွာမရရှိခြင်း၊ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ ပြုပြင်နေရခြင်း၊ မဟာလျှပ်စစ်ဓာတ်အားလိုင်းတွေကို အကြမ်းဖက်သမားတွေက ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းတွေကြောင့် လိုအပ်တဲ့လျှပ်စစ်ဓာတ်အားကို အပြည့်အဝမရရှိတာတွေ့ရှိရပါတယ်။ ဒါ့ကြောင့် လိုအပ်တဲ့ လျှပ်စစ်ဓာတ်အားတွေ ပြည့်ဝစွာထုတ်လုပ်နိုင်ဖို့အတွက် ရေအားလျှပ်စစ်စက်ရုံ ၂၉ ရုံ၊ ကျောက်မီးသွေးသုံးစက်ရုံ ၁ ရုံ၊ သဘာဝဓာတ်ငွေ့သုံးစက်ရုံ ၂၈ ရုံ၊ ဒီဇယ်ဓာတ်အားပေးစက် ၆၁၀ လုံးနဲ့ နေရောင်ခြည်စွမ်းအင်သုံးစက်ရုံ ၂ ရုံတို့ကနေ ၇၁၂၂ မဂ္ဂါဝပ်ကို ဓာတ်အားထုတ်လုပ်ပေးလျက်ရှိပါတယ်။ စက်ရုံအသီးသီးက စုစုပေါင်းဓာတ်အားထုတ်လုပ်နိုင်မှုရဲ့ ၅၀ ရာခိုင်နှုန်းခန့်ဟာ ရေအားလျှပ်စစ်စက်ရုံတွေကဖြစ်ပါတယ်။ ပြည့်ဖြိုးမြဲလျှပ်စစ်ထုတ်လုပ်နိုင်တဲ့ ရေအား၊ လေအား၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်း ၆၀ ခု၊ ၆,၂၈၇ မဂ္ဂါဝပ်ထွက်ရှိရေးအတွက်လည်း စီမံဆောင်ရွက်နေပါတယ်။ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုမှာ ချက်ချင်းမလုပ်နိုင်ပါဘူး၊ မထွက်နိုင်ပါဘူး။ အမြန်ဆုံးဆိုတဲ့ နေရောင်ခြည်စွမ်းအင်သုံး (SOLAR)လျှပ်စစ်ဓာတ်အားပင်လျှင် တစ်နှစ်ခွဲကြာနိုင်ပါတယ်။ ရေအားလျှပ်စစ်ဟာ ၅ နှစ်အနည်းဆုံးကြာပါတယ်။**

**နိုင်ငံတော်အတွက် လိုအပ်နေတဲ့ လျှပ်စစ်ဓာတ်အားတွေအတွက် အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း၊ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း၊ သူ့ဌေးရေအားလျှပ်စစ်စီမံကိန်းတွေက စုစုပေါင်း ၄၄၂ မဂ္ဂါဝပ်ကို နိုင်ငံတော်ဓာတ်အားစနစ်သို့ ဆက်လက်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ဖို့အတွက် ဆောင်ရွက်နေလျက်ရှိပါတယ်။ ဒါ့အပြင်အလားအလာရှိတဲ့ ရေအားလျှပ်စစ်စီမံကိန်းတွေကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး စီမံလျက်ရှိပါတယ်။**

**တိုင်းရင်းသားပြည်သူများခင်ဗျား–**

**လူမှုရေးဆိုင်ရာဆောင်ရွက်ချက်တွေအနေနဲ့–**

ကျွန်တော်တို့နိုင်ငံမှာ ဘာသာပေါင်းစုံကို လွတ်လပ်စွာကိုးကွယ်ခွင့်ပြုထားပြီး ဖြစ်ပါတယ်။ နိုင်ငံရဲ့ ၈၇ ရာခိုင်နှုန်းခန့်ဟာ ဗုဒ္ဓဘာသာကိုးကွယ်ကြသူတွေဖြစ်ပါတယ်။ မျိုးဆက်သစ်လူငယ်တွေဟာ နိုင်ငံရေးသမားတွေရဲ့ ဘာသာရေးဝါဒမှိုင်းလှုံ့ဆော်ခြင်းနဲ့ လှုံ့ဆော်ခံရခြင်း၊ အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုဓလေ့စရိုက်တွေ ဖျက်ဆီးမှိုင်းတိုက်ဝါဒဖြန့်မှုခံရခြင်းတို့ ကြုံတွေ့ခဲ့ရပါတယ်။ ဒါ့ကြောင့်လည်း သံဃာတော် ၅၂ ပါးနဲ့ သီလရှင် ၁ ပါးတို့ အကြမ်းဖက်သတ်ဖြတ်ခံခဲ့ရပြီး ၉ ပါး ဒဏ်ရာရရှိခဲ့ကာ ၈ ပါး ပျောက်ဆုံးခဲ့ပါတယ်။

ဒါ့အပြင် ဒီမိုကရေစီအစိုးရ(ဒုတိယသက်တမ်း)ကာလမှာ အခြေခံပညာကျောင်းသင်ခန်းစာတွေမှာ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိခိုက်ပွန်းပဲ့စေတဲ့သင်ခန်းစာတွေကို ထည့်သွင်းသင်ကြားစေခဲ့တဲ့အတွက် ဆရာ၊ ဆရာမတွေကို အလေးဂရုပြုဆက်ဆံမှုမရှိတော့တဲ့အထိ ဖြစ်လာခဲ့ပါတယ်။ ဒီအကျိုးဆက်တွေကြောင့် ပညာရေးဝန်ထမ်း ၄၇ ဦး သေဆုံး၊ ၂၁ ဦး ဒဏ်ရာရနဲ့ ပျောက်ဆုံး ၂၅ ဦး၊ စုစုပေါင်း ၉၃ ဦးရှိခဲ့ပါတယ်။ သံဃာတော်တွေနဲ့ ပညာရေးဝန်ထမ်းတွေ သတ်ဖြတ်ခံရမှုတွေမှာ စစ်ကိုင်းတိုင်းနဲ့ မကွေးတိုင်းဒေသကြီးမှာ အများဆုံးဖြစ်နေတာကို တိုက်ဆိုင်စွာ အံ့အားသင့်ဖွယ် တွေ့ရှိရပါတယ်။ အကြမ်းဖက်သတ်ဖြတ်မှုများမှာ ပြစ်မှုကျူးလွန်သူဖမ်းဆီးရမိရေး၊ တရားဥပဒေနှင့်အညီ စစ်ဆေးရေး၊ ထိရောက်သောပြစ်ဒဏ်များ ချမှတ်ဆောင်ရွက်ရေးတို့ကို ပြုလုပ်နေပါတယ်။ No One Above the Law ပါ၊ ဥပဒေအတိုင်း ရင်ဆိုင်ကြရပါမယ်။

Online Media တွေပေါ်မှာ လူငယ်တွေဟာ မြန်မာ့ယဉ်ကျေးမှုနဲ့ပတ်သက်ပြီး လွဲမှားစွာအသုံးချခဲ့ကြပါတယ်။ ဒါ့ကြောင့် လူငယ်တွေစိတ်ပိုင်းဆိုင်ရာအားနည်းပြီး သက်ဆိုင်ရာတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုတွေကို စောင့်ထိန်းလိုစိတ်တွေ ချို့တဲ့လာခဲ့ပါတယ်။ ဒါ့ကြောင့် မိမိတို့တာဝန်ယူတဲ့ တို

တောင်းတဲ့ကာလအတွင်း မြန်မာ့ရိုးရာယဉ်ကျေးမှုတွေကို တတ်နိုင်တဲ့ အတိုင်းအတာအလျောက် ပြန်လည်ဖော်ထုတ်ပေးဖို့ ရည်ရွယ်ခဲ့ပါတယ်။ နိုင်ငံတော်အဆင့် (၂၃)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလအတွင်း ကျင်းပဆောင်ရွက်သွားဖို့ ဆောင်ရွက်လျက် ရှိနေပါတယ်။

ကျွန်တော်တို့အစိုးရဟာ တစ်မျိုးသားလုံးလူညွှန့်တုံးစေမယ့် မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်နှိမ်နင်းရေးကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိပါတယ်။ တာဝန်ယူထမ်းဆောင်စဉ်ကာလတွင် မူးယစ်ဆေးဝါးနဲ့ ဆက်စပ်ပစ္စည်း စုစုပေါင်း မြန်မာငွေကျပ် ၁,၅၄၆,၇၀၅.၆၃၆၅ သန်း(USD ၈၃၆.၀၆ သန်း) ကျော် ဖမ်းဆီးရမိခဲ့ပါတယ်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းတွေကို ပိုမိုအရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ အဆိုပါမူးယစ်ဆေးဝါးတွေဟာ ရှမ်းပြည်နယ်အတွင်းကသာ အဓိကလာတာဖြစ်ကြောင်း ကျွန်တော်တို့ ဖော်ထုတ်ရရှိထားပြီးဖြစ်တဲ့အတွက် မူးယစ်ဆေးဝါး ထုတ်လုပ်၊ သယ်ယူ၊ ရောင်းချမှုတွေ လုံးဝမရှိတဲ့အထိ ရှာဖွေ၊ ဖော်ထုတ်၊ နှိမ်နင်းဖို့ကို ပိုမို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား-**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်မှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်မှုနဲ့ နယ်မြေအခြေအနေတွေကြောင့် အခြေခံပညာစာသင်ကျောင်း စုစုပေါင်း ၃၉,၂၄၂ ကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသား/ ကျောင်းသူစုစုပေါင်း ၄,၂၂၅,၈၈၇ ဦး တက်ရောက်ခဲ့ပါတယ်။ ၂၀၂၂ ခုနှစ်၊ မတ်လတွင် ကျင်းပပြုလုပ်ခဲ့တဲ့ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ၂၈၁,၇၅၁ ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး ၁၂၃,၈၇၇ ဦး(၄၆ ဒသမ ၈၈)ရာခိုင်နှုန်း အောင်မြင်ခဲ့ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ကျောင်းနေအရွယ်ကလေးတိုင်း (KG+9) (အခြေခံပညာအလယ်တန်းအဆင့်)ပြီးဆုံးတဲ့အထိ ပညာသင်ကြားနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အခြေခံပညာကျောင်းများကိုလည်း ဇွန်လ ၂ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူပေါင်း ၇ ဒသမ ၂ သန်းကျော် တက်ရောက်ပညာသင်ကြားနေပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပညာတတ်မြောက်မှုများဟာ ခေတ်မီနိုင်ငံဖြစ်စေဖို့ လိုအပ်ချက်များစွာရှိနေတဲ့အတွက် အခြေခံပညာသင်ကြားရေးကို မပျက်မကွက် လုပ်ဆောင်စေချင်ပါတယ်။ အနည်းဆုံး KG+9 အဆင့်ထိ တတ်မြောက်စေလိုပါတယ်။ ကျေးလက်စီးပွားရေးနဲ့ SME များမှာ အထောက်အကူရရှိနိုင်စေဖို့လာမယ့်ပညာသင်နှစ်မှာ ပထမအဆင့် ခရိုင် ၅၀ မှာ အထက်တန်းကျောင်း ၁ ကျောင်းစီမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ စက်မှုပညာရပ်များ တွဲဖက်သင်ကြားပေးပါမယ်။ Grade – 10 ကနေ Grade – 12 အထိ ဖြစ်ပါတယ်။ သူတို့အောင်ပြီးရင် သတ်မှတ်အရည်အချင်း ကိုက်ညီသူများဟာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုသိပ္ပံ ၃ နှစ်သင်ကျောင်းတွေမှာ ဆက်လက်သင်ကြားလို့ရပါမယ်။ ထူးချွန်သူများက တက္ကသိုလ်ဆက်တက်ကြရပါမယ်။ ဒီလိုပဲ ပုံမှန်အထက်တန်းကျောင်းတွေကလည်း Grade–12 နဲ့ပြီးရင် မိမိရွေးချယ် တက်ရောက်လိုတဲ့ အဆင့်မြင့်ပညာများ သတ်မှတ်ချက်နဲ့အညီ သင်ကြားခွင့်ရမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ပညာရေးမြှင့်တင်ခြင်းဖြင့် ခေတ်မီနိုင်ငံတော်တည်ဆောက်ရေး လုပ်ဆောင်ကြရပါမယ်။

**မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါကို ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်နေ့မှာ စတင်တွေ့ရှိခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့အထိ ပိုးတွေ့လူနာစုစုပေါင်း ၆၁၄,၀၈၃ ဦးရှိပါတယ်။** ဇူလိုင်လ ၂၃ ရက်နေ့အထိ ၃၅,၉၈၀,၅၃၅ ဦးကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးပြီဖြစ်ပါတယ်။ ကာကွယ်ဆေးဝယ်ယူမှုနဲ့လှူဒါန်းမှု စုစုပေါင်း ၇၆ သန်းကျော် Doses ရရှိပြီးဖြစ်ပါတယ်။ ကာကွယ်ဆေးထုတ်လုပ်မှုအနေနဲ့ ၄,၀၉၁,၆၂၅ Doses ထုတ်လုပ်ခဲ့ပြီးဖြစ်ပါတယ်။

အားကစားကဏ္ဍအနေနဲ့ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ ကျွန်တော်တို့နိုင်ငံအနေနဲ့ အားကစားသမား ၂၈၇ ဦးနဲ့ အားကစားနည်း ၂၀ မျိုးကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် ၉ ခု၊ ငွေတံဆိပ် ၁၈ ခု၊ ကြေးတံဆိပ် ၃၅ ခု၊ စုစုပေါင်း ၆၂ ခုရရှိခဲ့ပါတယ်။ အကြိမ်(၃၀)မြောက်ပြိုင်ပွဲထက် ၂ ဒသမ ၂၅ ဆ ပိုမိုအောင်မြင်ခဲ့ပါတယ်။ (၂၉)ကြိမ်နဲ့ အကြိမ်(၃၀)မြောက်ပြိုင်ပွဲဝင် အားကစားသမားအရေအတွက်ထက်နည်းပြီး ရွှေတံဆိပ်ရရှိမှု ပိုမိုအောင်မြင်မှုရရှိခဲ့တာကို တွေ့ရှိရပြီး ဆုရရှိကြတဲ့ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားတွေရဲ့ ဘဝအာမခံချက်ရရှိစေဖို့အတွက် အသိအမှတ်ပြု ဆောင်ရွက်ပေးခဲ့ပါတယ်။ လာမယ့်(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်နေကြောင်း ပြောလိုပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား-**

**အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ်ဖြစ်တဲ့ တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာဖူလုံရေးဆိုင်ရာဆောင်ရွက်ချက်များကို ပြောပါမယ်-**

တိုင်းပြည်သာယာဝပြောရေးဆိုတာ ငြိမ်းချမ်းရေးကို အခြေခံပြီး အလုပ်အကိုင်အခွင့်အလမ်းတွေကို ဒီမိုကရေစီနည်းလမ်းနဲ့အညီ ဆောင်ရွက်နိုင်မှုပဲဖြစ်ပါတယ်။ သဘာဝသယံဇာတတွေပေါကြွယ်ဝတဲ့ ကျွန်တော်တို့နိုင်ငံမှာ ငြိမ်းချမ်းရေးရရှိမှုမြန်

ဆန်လာတာနဲ့အမျှ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်လာမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံတော်သာယာဝပြောဖို့အတွက် ရပ်ရွာအေးချမ်း သာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးတာဝန်တွေကို ထိရောက်မှုအနည်းဆုံးနဲ့ ချမှတ်ထားတဲ့ အမျိုးသားရေးလုပ်ငန်းစဉ်တွေကို စိတ်ရှည်သည်းခံဆောင်ရွက်နေရပါတယ်။ တရားဥပဒေစိုးမိုးမှု အရိပ်၊ အေးချမ်းမှုအရိပ်တွေ မြို့ပြနဲ့ကျေးလက်ဒေသတွေပါမကျန် လွှမ်းခြုံသွားဖို့ ဆက်လက်လုပ်ဆောင်လျက်ရှိနေပါတယ်။

နိုင်ငံသားတိုင်းရဲ့အသက်ရှင်သန်ရပ်တည်နေထိုင်နိုင်ဖို့ စားနပ်ရိက္ခာဟာလိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ စိုက်ပျိုးဧကပေါင်း ၃၃ သန်းခန့်ရှိပြီး စပါး၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းနဲ့ ဝါကိုအဓိကစိုက်ပျိုးကြပါတယ်။ အချို့နေရာတွေမှာ တစ်သီးစားနဲ့ အချို့နေရာတွေမှာ သီးထပ်စိုက်ပျိုးခြင်းတွေဆောင်ရွက်ကြပါတယ်။ နိုင်ငံအဝှမ်းရှိ လူတစ်ဦးရဲ့ ၁ နှစ် ဆန်စားသုံးမှုဟာ ၁၅၅ ကီလိုဂရမ်(၉၇ ပြည်ခန့်) စားသုံးမှုရှိတဲ့အတွက် ဖူလုံပိုလျှံမှုရှိပါတယ်။ ဆန်ပြည်ပကိုတင်ပို့နိုင်ရေးအတွက် စပါးစိုက်ပျိုးရေးမှာ အထွက်နှုန်းတိုးတက်အောင် စီမံဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ပြည်သူတွေ စားရေရိက္ခာဖူလုံမှုရှိစေဖို့နဲ့ ဝဝလင်လင်စားသုံးစေနိုင်ဖို့အတွက် အဓိကစားသုံးတဲ့ ဆန်နဲ့ဂျုံကို ပိုမိုစိုက်ပျိုး ထုတ်လုပ်နိုင်ဖို့ ဦးစားပေးဆောင်ရွက်နေပါတယ်။ ဒါ့အပြင် အခြားသောဖြည့်စွက်စာတွေကိုလည်း တစ်ဖက်တစ်လမ်းကတိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ဖို့ သက်ဆိုင်ရာဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံအတွင်းမှာရှိတဲ့ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်ဟာ ကျေးလက်နေပြည်သူတွေ ဖြစ်ပါတယ်။ ကျေးလက်နေပြည်သူတွေဟာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေကို အခြေခံတဲ့ အသက်မွေးဝမ်းကျောင်းပြုသူတွေဖြစ်ပါတယ်။ ဒါ့ကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်တွေကို ခေတ်မီနည်းစနစ်တွေနဲ့ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ကျေးလက်လူနေမှုဘဝမြင့်ရင် တိုင်းပြည်ရဲ့လူမှုအဆင့်အတန်းလည်း မြင့်မားမှာဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား–**

**နိုင်ငံရေးလုပ်ငန်းစဉ်(၂)ရပ်ဖြစ်တဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကိုပြောပါမယ်–**

စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးဆောင်ရွက်ရာမှာ ပြည်သူတိုင်း၊ အဖွဲ့အစည်းတိုင်းက လိုက်နာဆောင်ရွက်ဖို့ အရေးကြီးပါတယ်။ ဒီလိုဆောင်ရွက်နိုင်မှ အောင်မြင်နိုင်မယ့်လုပ်ငန်းတစ်ခုလည်းဖြစ်ပါတယ်။ ဒီလိုဖော်ဆောင်ရာမှာ ပထမဆုံးအခြေခံလိုအပ်ချက်ဖြစ်တဲ့ ဒီမိုကရေစီစနစ်ကိုဆန့်ကျင်ကာ ဒီမိုကရေစီလမ်းကြောင်းပေါ်မှ သွေဖည်သွားမယ့်လုပ်ဆောင်ချက်တွေ မလုပ်ဆောင်ဖို့လိုအပ်ပါတယ်။ မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ တာဝန်ထမ်းဆောင်မှုမျိုးကိုမဆို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေအတိုင်း လေးစားလိုက်နာဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေဖို့ လွတ်လပ်ပြီးတရားမျှတတဲ့ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ဖို့ဟာ အလွန်အရေးကြီးပါတယ်။

ရွေးကောက်ပွဲဟာ တိုင်းပြည်ရဲ့ဂုဏ်သိက္ခာနဲ့သက်ဆိုင်တဲ့ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပါတယ်။ လွတ်လပ်ပြီးတရားမျှတမှုသာ ပြည်သူတွေလိုလားတောင့်တတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မြဲစေပြီး နိုင်ငံရဲ့နိုင်ငံရေးသမိုင်းနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းမှာလည်း ဂုဏ်သိက္ခာမြင့်မားစေမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုတွေကျူးလွန်ခြင်း၊ နည်းမျိုးစုံနဲ့ မသမာမှုလုပ်ဆောင်ခြင်း စတာတွေပေါ်ပေါက်လာတယ်ဆိုရင်တော့ နိုင်ငံရဲ့ပုံရိပ်ကျဆင်းစေပြီး နိုင်ငံရဲ့ဒီမိုကရေစီခရီးလမ်းဟာလည်း အနုတ်လက္ခဏာဆောင်မှာဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမဲမသမာမှုတွေဟာ နိုင်ငံရဲ့ဒီမိုကရေစီယဉ်ကျေးမှုလမ်းကြောင်းကို ပုံရိပ်ကျ သွေဖည်သွားစေခဲ့ပါတယ်။

စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေဖို့ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ဖို့အတွက် ရွေးကောက်ပွဲမှာ အသုံးပြုမယ့်မဲစာရင်းတွေ ပြည့်စုံမှန်ကန်ဖို့ကလည်း အရေးကြီးတဲ့အချက်ပါပဲ။ အခြေခံမဲစာရင်းတွေ မှန်ကန်ဖို့ သက်ဆိုင်ရာအဖွဲ့အစည်းအားလုံး ပူးပေါင်းပြုစုနေပါတယ်။ ပြုစုပြီးရင် သက်ဆိုင်ရာမြို့နယ် အခြေစိုက်နိုင်ငံရေးပါတီတွေရဲ့ ပူးပေါင်းပါဝင် စိစစ်မှုနဲ့ မဲစာရင်းတွေ ပြည့်စုံမှန်ကန်ဖို့ ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဟာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့တွေနဲ့ နိုင်ငံရေးပါတီတွေ စစ်ဆေးခြင်း၊ မဲဆန္ဒရှင်များပြုစုခြင်းအပါအဝင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၁၈ နဲ့ နည်းဥပဒေ ၂၃ တို့နဲ့အညီ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လမှစပြီး နိုင်ငံရေးပါတီတွေရဲ့ စာရင်းတွေကို စုစည်းခဲ့ရာ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လကုန်အထိ ပါတီ ၈၅ ပါတီကို စုစည်းပြီးဖြစ်ကာ စစ်ဆေးရန်ကျန်ပါတီတွေကို ဆက်လက်စစ်ဆေးဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား-**

ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူက သူတို့ကိုကိုယ်စားပြုသူတွေကို ကိုယ်တိုင်ရွေးချယ်တဲ့အုပ်ချုပ်ရေးစနစ်ပဲဖြစ်ပါတယ်။ ဖက်ဒရယ်စနစ်ဆိုတာ မတူကွဲပြားနေတဲ့ တိုင်းဒေသကြီး/ပြည်နယ်တွေမှာ လူမျိုးတွေ၊ လူမျိုးစုတွေကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့ အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုစနစ်လို့ဆိုရာမှာ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားပြည်သူတို့က ရွေးချယ်တဲ့အုပ်ချုပ်ရေးစနစ်မှာ ပြည်ထောင်စုတစ်ဝှမ်းလုံးရှိ တိုင်းရင်းသားပြည်သူတွေ အတူတကွ ပေါင်းစည်းနေထိုင်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်တွေအလိုက် အခြေခံဥပဒေအရ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေ ရရှိစေရမှာဖြစ်ပါတယ်။ ဒါမှလည်း စစ်မှန်၍ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ရေးရယူရာမှာ ပင်လုံစာချုပ်နဲ့ ပြည်ထောင်စုတစ်ခုလုံးကို စုစည်းပြီး လွတ်လပ်ရေးရယူခဲ့ပါတယ်။ ပင်လုံစာချုပ်လို့ဆိုရာမှာ အနှစ်သာရက ပင်လုံစိတ်ဓာတ်ပါပဲ။ ပင်လုံစိတ်ဓာတ်ဆိုတာ ပြည်ထောင်စုစိတ်ဓာတ်ပါ။ ဒီစိတ်ဓာတ်ဟာ အရင်းခံဖြစ်သလို ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ အနာဂတ်ပြည်ထောင်စုကြီး တည်ဆောက်ရေးရဲ့ အခြေခံအုတ်မြစ်ဖြစ်တဲ့ ပြည်ထောင်စုစိတ်ဓာတ်ပဲဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ တွေ့ဆုံဆွေးနွေးရာမှာ ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံပြီး ဒေသနဲ့တိုင်းပြည်အတွက် ပကတိလိုအပ်ချက်တွေကို ညှိနှိုင်းဆွေးနွေးမှုဆောင်ရွက်လျက်ရှိပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား-**

**ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံတော်တာဝန်များကို ဆက်လက်တာဝန်ယူ ထမ်းဆောင်သွားမယ့် အခြေအနေများကိုပြောပါမယ်-**

လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပနိုင်ဖို့အတွက် တိုင်းပြည်ဟာ တည်ငြိမ်အေးချမ်းမှုရှိဖို့လိုပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ မည်သည့်ပုံစံနဲ့မဆို ခြိမ်းခြောက်အကြပ်ကိုင်၊ ဖိအားပေးခံရမှုမရှိဘဲ မိမိဆန္ဒအတိုင်းမဲပေးဖို့လိုအပ်ပါတယ်။ လာမယ့်အထွေထွေရွေးကောက်ပွဲမှာ တစ်နိုင်ငံလုံး လွတ်လပ်ပြီးတရားမျှတစွာ နေရာအနှံ့ အကြားအလပ်မရှိ ကျင်းပနိုင်ရမှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ တရားမျှတမှုနဲ့ ခြိမ်းခြောက်အကြပ်ကိုင်မှုတွေ မရှိစေဖို့အတွက် လက်နက်ကိုင်ပဋိပက္ခတွေချုပ်ငြိမ်းဖို့ လိုအပ်ပါတယ်။ ရွေးကောက်ပွဲကျင်းပနိုင်ဖို့ နိုင်ငံရေးနဲ့ လုံခြုံရေးအခြေအနေ အမြန်ဆုံးတည်ငြိမ်ဖို့ ပြည်သူ့လုံခြုံရေးစနစ်ကို ကျွန်တော်တို့ မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လက်ရှိ ၆ လတာကာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီးနယ်မြေအချို့၊ မကွေးတိုင်းဒေသကြီး(မြောက်ပိုင်း)နယ်မြေအချို့၊ ကယားပြည်နယ်နဲ့ ကရင်ပြည်နယ် နယ်မြေအချို့တို့မှာ နောက်ကွယ်က ကေအိုင်အေနဲ့ ကေအန်ယူသောင်းကျန်းသူတွေရဲ့ လူအင်အားနဲ့ လက်နက်၊ ခဲယမ်းအပါအဝင် စစ်အသုံးအဆောင်ပစ္စည်းတွေကို ယခင်ကထက် ပိုမိုပါဝင်ပံ့ပိုးကူညီမှုတွေကြောင့် တာဝန်ယူပြီးခဲ့တဲ့ ၁ နှစ်တာ သက်တမ်းကာလနဲ့ နှိုင်းယှဉ်ပါက အကြမ်းဖက်တိုက်ခိုက်မှုတွေ၊ ဖျက်ဆီးမှုတွေ ပိုမိုများပြားလာခဲ့တဲ့အတွက် တရားဥပဒေစိုးမိုးရေးကို အလေးထားပြီး မူလအခြေအနေအတိုင်း ပြန်လည်တည်ငြိမ်အေးချမ်းဖို့ ဆက်လက်ဆောင်ရွက်ဖို့လိုအပ်လျက်ရှိပါတယ်၊ ဖမ်းဆီးရမိတဲ့ လက်နက်၊ ခဲယမ်းမီးကျောက်အချို့ဟာ KIA တို့ ထုတ်လုပ်တဲ့ လက်နက်များ၊ KNU လှုပ်ရှားရာ မြန်မာ-ထိုင်း နယ်စပ်ဒေသများက ဝင်ရောက်လာတာဖြစ်တဲ့အတွက် တရားမဝင်လက်နက်ထုတ်လုပ်၊ ဝယ်ယူ၊ သယ်ပို့ခြင်းများမရှိစေရအောင် အလေးထားဆောင်ရွက်သွားပါမယ်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ဟာ ကျွန်တော်တို့နိုင်ငံရဲ့ စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းစေဖို့အတွက် ဆက်လက်အလေးထား ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ထားရှိခဲ့တာနဲ့အညီ ငြိမ်းချမ်းရေးကို လက်တွေ့ကျကျအကောင်အထည်ဖော်နိုင်ဖို့လိုအပ်တဲ့အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ခေါင်းဆောင်တွေကို ကိုယ်တိုင်ကိုယ်ကျတွေ့ဆုံဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပြီး တွေ့ဆုံဆွေးနွေးမှုတွေ ဆောင်ရွက်လျက်ရှိပါတယ်။ တွေ့ဆုံဆွေးနွေးမှုတွေမှာ ဒေသနဲ့တိုင်းပြည်အတွက် ကောင်းမွန်တဲ့ရလဒ်ကောင်းတွေ ရရှိခဲ့တဲ့အတွက် ကျန်ရှိနေသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ပါဝင်လာပါက နိုင်ငံရဲ့အနာဂတ်နိုင်ငံရေးဟာ ပြည့်စုံကောင်းမွန်လာမှာ ဖြစ်ပါတယ်။

အခြေခံမဲဆန္ဒရှင်စာရင်းတွေ ပြည့်စုံမှန်ကန်စေဖို့အတွက်လည်း မြေပြင်လူဦးရေစာရင်းနဲ့ တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းစီမံချက်အရ မြို့နယ်ပေါင်း ၂၉၈ မြို့နယ် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ၁၄ မြို့နယ်ဆောင်ရွက်ဆဲနဲ့ ၁၃ မြို့နယ်ဆောင်ရွက်ရန်ကျန်ရှိတဲ့အတွက် ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ နိုင်ငံသား စိစစ်ရေးကတ်ပြားမရှိဘဲ ဥပဒေကိုကျော်လွန်ပြီး မဲပေးခဲ့ကြပါတယ်။ ဒါ့ကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးဖို့ အကျုံးဝင်သူ ၃ ဒသမ ၄ သန်းကို ပန်းခင်းစီမံချက်နဲ့ ၂၀၂၁ ခုနှစ်၊ မေလ ၃ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာမှာ ၃ ဒသမ ၃ သန်းခန့်ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ အချို့နေရာဒေသတွေမှာ အကြမ်းဖက်အဖွဲ့တွေရဲ့ ခြိမ်းခြောက်တားမြစ်မှုတွေကြောင့် လုပ်ငန်းဆောင်ရွက်တွေမှု နှေးကွေးရပ်တန့်နေရခြင်းဖြစ်ပါတယ်။ ရာနှုန်းပြည့် ပြီးစီးနိုင်ဖို့ ဆက်လက်လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ လာမယ့်ရွေးကောက်ပွဲမှာ မဲပေးပိုင်ခွင့်ရှိသူတွေဟာ ၎င်းတို့ရဲ့အခွင့်အရေးအရမဲပေးနိုင်ဖို့အတွက် နိုင်ငံသားကတ်ပြား ထပ်မံထုတ်ပေးဖို့လိုအပ်လျက်ရှိတဲ့ ခန့်မှန်းလူဦးရေ ၁,၇၄၈,၅၇၅ ဦး (၁ ဒသမ ၇ သန်းကျော်)ကို ပန်းခင်းစီမံချက်အဆင့်(၂)နဲ့ ဆက်လက်လုပ်ဆောင်ပေးသွားမှာ ဖြစ်ပါ တယ်။

နိုင်ငံတော်ရဲ့နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာကိစ္စရပ်တွေ အဆင်ပြေစေဖို့အတွက် အသစ်ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့တဲ့ ခရိုင် ၄၆ ခရိုင်ရဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းတွေ ပိုမိုအဆင်ပြေချောမွေ့စေရေး ဆောင်ရွက်နိုင်ဖို့ လိုအပ်လျက်ရှိနေသေးတဲ့အတွက် လုပ်ငန်းများအဆင်ပြေချောမွေ့စွာ လုပ်ဆောင်နိုင်ရန် ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူများခင်ဗျား–**

ကျွန်တော်တို့နိုင်ငံဟာ ရှေးနှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားတွေ စုစည်းနေထိုင်ခဲ့ကြတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒေသ၊ နယ်မြေအလိုက် အုပ်ချုပ်မှုပုံစံတွေကွဲပြားခဲ့သော်လည်း လွတ်လပ်ရေးမဆုံးရှုံးမီကာလကတည်းက နိုင်ငံအဝှမ်းမှာ ပင်မအုပ်ချုပ်ကွပ်ကဲမှုရှိတဲ့ပုံစံနဲ့အုပ်ချုပ်ခဲ့ပါတယ်။ လွတ်လပ်ရေးရရှိတော့လည်း တစ်နိုင်ငံလုံး၊ ပြည်ထောင်စုတစ်ခုလုံး စုစည်းလွတ်လပ်ရေးရရှိခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် ရှေးယခင်ကတည်းက ပြည်ထောင်စုစနစ်နဲ့ စုစည်းတည်ဆောက်ခဲ့တဲ့ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဒီပြည်ထောင်စုစနစ်ကို ခိုင်မာသည်ထက်ခိုင်မာအောင် ခေတ်နဲ့အညီ တည်ဆောက်ကြမှသာ နိုင်ငံတော်တည်တံ့ခိုင်မြဲမှာဖြစ်ပါတယ်။ တိုင်းရင်းသား ပြည်သူလူထုအားလုံး ဒီမိုကရေစီအခွင့်အရေးကို တန်းတူညီမျှခံစားနိုင်ရပါမယ်။ ဒီလို နိုင်ငံတော်ကြီးတည်တံ့ခိုင်မြဲဖို့၊ နိုင်ငံသားအားလုံး ဒီမိုကရေစီအခွင့်အရေးကို တန်းတူညီမျှ ခံစားနိုင်ဖို့အတွက် အချက် ၂ ချက် ပြုပြင်ဆောင်ရွက်ဖို့လိုပါတယ်။ ဒါတွေကတော့ နိုင်ငံရေးအရပြုပြင်ဆောင်ရွက်ခြင်းနဲ့ တိုင်းရင်းသားရေးအရ ပြုပြင်ဆောင်ရွက်ခြင်းတို့ ဖြစ်ပါတယ်။

ဒီအချက် ၂ ချက်ဟာ သီးခြားစီထင်ရပေမယ့် တစ်ခုနဲ့တစ်ခုခွဲမရအောင် ဆက်စပ်လျက်ရှိပါတယ်။ နိုင်ငံရေးအရ ပြုပြင်ဆောင်ရွက်ဖို့လိုအပ်ချက်ကတော့ နိုင်ငံမှာ ပါတီစုံဒီမိုကရေစီစနစ် စတင်လျှောက်လှမ်းကတည်းက အထွေထွေရွေးကောက်ပွဲ ၃ ကြိမ် ကျင်းပခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မြို့နယ် ၃၃၀ မြို့နယ်ရှိပါတယ်။ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ၃၂၅ မြို့နယ်၊ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲမှာ ၃၂၃ မြို့နယ်နဲ့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ၃၁၅ မြို့နယ်တို့ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ပါတယ်။ တစ်ကြိမ်ထက်တစ်ကြိမ် ရွေးကောက်ပွဲကျင်းပနိုင်တဲ့ မြို့နယ်အရေအတွက် နည်းပါးလာတာကို တွေ့နိုင်ပါမယ်။ ရွေးကောက်ပွဲမကျင်းပဖြစ်တဲ့ မြို့နယ်အများစုကလည်း တိုင်းရင်းသားနယ်မြေတွေဖြစ်တာကိုလည်း တွေ့ရပါမယ်။ ဒီမိုကရေစီစနစ်နဲ့ရွေးချယ်ခံရပြီး ဒီမိုကရေစီစနစ်ကိုဖော်ဆောင်မယ်ဆိုတဲ့ အစိုးရတွေ လက်ထက်မှာမှ ရွေးကောက်ပွဲမကျင်းပဖြစ်လို့ ဒီမိုကရေစီအခွင့်အရေးဆုံးရှုံးရတဲ့ တိုင်းရင်းသားဒေသတွေ များပြားလာတာဟာ ကျွန်တော်တို့ သတိပြုရမဲ့အချက်ပဲ ဖြစ်ပါတယ်။

ရွေးကောက်ပွဲမကျင်းပဖြစ်တဲ့ မြို့နယ်တွေမှာ တည်ငြိမ်အေးချမ်းမှုမရှိလို့လို့ အကြောင်းပြချက်တွေရှိပါတယ်။ နောက်ကွယ်ကအကြောင်းအရာတွေ ဘယ်လိုပဲရှိရှိ “ပြည့်အင်အားဟာ ပြည်တွင်းမှာသာရှိပါတယ်” တိုင်းရင်းသားတွေနဲ့ တိုင်းရင်းသားဒေသတွေကို အခွင့်အရေးတွေ ပိုမိုပေးအပ်နိုင်ဖို့ ဆောင်ရွက်ရန်သာအဖြေရှိပါမယ်။ တိုင်းရင်းသားတွေဟာ သူတို့ရဲ့ အခွင့်အရေးတွေ၊ နစ်နာမှုတွေကို တရားဝင်နိုင်ငံရေးစင်မြင့်မှာ ပြောခွင့်၊ ဆိုခွင့်၊ တောင်းဆိုခွင့်ပေးရပါလိမ့်မယ်။ ဒါကိုပေးဖို့ဆိုရင် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ လွှတ်တော်တွေပဲဖြစ်ပါမယ်။ ဒီတော့ လွှတ်တော်အသီးသီးမှာ တိုင်းရင်းသားတွေ၊ လူထုလူတန်းစားအလွှာအသီးသီးကို ကိုယ်စားပြုတဲ့သူတွေပါဝင်နိုင်ဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိရွေးကောက်တင်မြှောက်မှုစနစ်ဟာ “နိုင်သူအကုန် ယူ”(FPTP–First Past The Post)ဖြစ်ပါတယ်။ ပါတီကြီးတွေရဲ့လွှမ်းမိုးမှုတွေကြောင့် တိုင်းရင်းသားတွေ၊ လူထုလူတန်းစားအလွှာအချို့ကို ကိုယ်စားပြုတဲ့ နိုင်ငံရေးပါတီများဟာ အင်အားနည်းတာကို တွေ့နိုင်ပါတယ်။ ဒီတော့သူတို့ဟာ ရွေးချယ်ခံရမှုနည်းပါးပြီး သူတို့ရဲ့အသံတွေကို တရားဝင်နိုင်ငံရေးစင်မြင့်(လွှတ်တော်)တွေမှာ ကြားရတာ နည်းပါးပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးပါတီတွေကိုလေ့လာကြည့်ပါ။ အခြေခံအားဖြင့် သုံးမျိုးသာ ခွဲခြားနိုင်ပါလိမ့်မယ်။

(တစ်) နိုင်ငံရေးအယူဝါဒကို ကိုယ်စားပြုတဲ့ပါတီများ၊ (နှစ်) ဒေသကိုကိုယ်စားပြုတဲ့ပါတီများနဲ့ (သုံး) တိုင်းရင်းသားလူမျိုးစုများကို ကိုယ်စားပြုတဲ့ပါတီများဖြစ်ပါတယ်။ အားလုံးဟာ ကိုယ့်အစုအဖွဲ့နဲ့ကိုယ် ထောက်ခံမှုများရှိကြပါတယ်။ ဒီပါတီတွေအားလုံး နိုင်ငံရေးစင်မြင့်မှာ(လွှတ်တော်မှာ)ပါဝင်နိုင်ဖို့၊ ကိုယ်စားပြုနိုင်ဖို့၊ ပြောနိုင်ဆိုနိုင်ဖို့ ဘာတွေကျွန်တော်တို့လုပ်ဖို့လိုသလဲ၊ ရွေးကောက်ပွဲစနစ်ကို ပြုပြင်ပြောင်းလဲမှ ဖြစ်ပါမယ်။ လက်ရှိအသုံးပြုနေတဲ့ နိုင်သူအကုန်ယူ (FPTP) စနစ်အပြင် အချိုးကျကိုယ်စားပြုစနစ်(PR – Proportional Representation) ကို ထည့်သွင်းဆောင်ရွက်ဖို့လိုကြောင်း တွေ့ရပါတယ်၊ **ဒီလိုပြင်ဆင်ရာမှာ အစိုးရ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေက ပြင်ဆင်ရမှာဖြစ်သလို နိုင်ငံရေးပါတီတွေ အနေနဲ့လည်း ပြင်ဆင်ရမှာဖြစ်ပါတယ်။ အဲ့လိုပြင်ဆင်နိုင်ရန် လုံလောက်တဲ့အချိန် ရယူသွားရမှာပဲဖြစ်တယ်။**

ကျွန်တော်တို့ပြည်ထောင်စု ရေရှည်တည်တံ့ဖို့၊ နိုင်ငံတော်အခွန့်ရှည်ကြာဖို့၊ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းသွားဖို့ ဒီစနစ်ကိုအကောင်အထည်ဖော်ရပါမယ်။ ဒါမှသာ ပြည်သူနဲ့ ဒီမိုကရေစီစနစ်ဟာ သဟဇာတဖြစ်ပါလိမ့်မယ်။ ဒါကိုဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့(တစ်)ပြည်သူလူထုကို အသိပညာပေးဖို့လိုပါတယ်၊ (နှစ်) ဒီစနစ်ဖြစ်လာဖို့ အစီအစဉ်တွေချမှတ်ဖို့လိုပါတယ်၊ (သုံး) အားလုံးပါဝင်ဖို့လိုအပ်ပါမယ်။

ဒီကိစ္စတွေဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့အစိုးရအနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို ကျွန်တော်ကိုယ်တိုင် ဖိတ်ခေါ်ပြီးဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးပြီးသမျှတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ လက်ခံကြပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြင်ဆင်ရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁၂)အရ လွှတ်တော်ကသာ ပြင်ဆင်နိုင်ပါတယ်။ ဒီအတွက် အခုကျွန်တော်တို့ ဆွေးနွေးနေကြတာဖြစ်ပါတယ်။ လွှတ်တော်အရ ပြင်ဆင်နိုင်ဖို့ လွှတ်တော်ထဲမှာ တိုင်းရင်းသားကိုယ်စားပြုပါတီတွေ၊ ဒေသကိုယ်စားပြုပါတီတွေ ရောက်လာဖို့လိုပါတယ်။ ဒါကို ကျွန်တော်တို့ ကြိုးပမ်းနေပါတယ်။ EAO များ (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ)ကလည်း ပူးပေါင်းဆောင်ရွက်ပေးဖို့ ကျွန်တော်ပြောလိုပါတယ်။ ကျွန်တော်နဲ့ တွေ့ဆုံဆွေးနွေးခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ဒုတိယအကြော့ ထပ်မံဆွေးနွေးပါမယ်။ တစ်ချိန်တည်းမှာပဲ မဆွေးနွေးရသေးတဲ့ EAO များကိုလည်း ကျွန်တော်ထပ်မံဖိတ်ခေါ်ပါတယ်။ မိမိဒေသ၊ မိမိလူမျိုးကို တစ်ကယ်ကောင်းကျိုးဆောင်ဖို့ လိုလားတယ်ဆိုရင် ဆွေးနွေးပါ။ တောင်းဆိုပါ။ တရားဝင်နိုင်ငံရေးစင်မြင့်ကို တက်လှမ်းကြဖို့ ကျွန်တော်ပြောလိုပါတယ်။ ဒါတွေဆောင်ရွက်ဖို့ ကျွန်တော်တို့ တံခါးကျယ်ကျယ်ဖွင့်ထားပါတယ်။ ရဲရဲသာ လျှောက်လှမ်းခဲ့ကြပါလို့ ကျွန်တော်ပြောလိုပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး ပိုမိုကောင်းမွန်တဲ့နိုင်ငံတော်နဲ့ လူမှုစီးပွားဘဝတွေကို တည်ဆောက်ပေးသွားမှာ ဖြစ်ကြောင်းပြောကြားလိုပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ "ရှေ့သို့လှမ်းမည်၊ ပန်းတိုင်ဆီ"(Keep Moving Forward to Achieve Our Goal)ဆိုတဲ့အတိုင်း နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး ပိုမိုကောင်းမွန်တဲ့ နိုင်ငံတော်နဲ့ လူမှုစီးပွားဘဝတွေကို တည်ဆောက်ပေးသွားမှာဖြစ်ကြောင်း တိုင်းရင်းသားပြည်သူလူထုကိုအသိပေးပြောကြားလိုပါတယ်။ ပြည့်အင်အားသည် ပြည်တွင်းမှာရှိတယ်ဆိုတဲ့အတိုင်း ကျွန်တော်တို့အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ကြောင်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

တိုင်းရင်းသားပြည်သူအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း ထပ်မံဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။

**ကျေးဇူးတင်ပါတယ်။**

**မြဝတီရုပ်မြင်သံကြား(၁-၈-၂၀၂၂)**

- ၂၀၂၀ ရွေးကောက်ပွဲတွင် မဲမသမာမှုများရှိခဲ့သဖြင့် ဖြေရှင်းပေးနိုင်ရေး တင်ပြမှုအပေါ် တာဝန်ရှိသူတွေက ဖြေရှင်းပေးမှုမရှိသည့်အပြင် နိုင်ငံတော်အာဏာအရပ်ရပ်ကို အတင်းအဓမ္မရယူရန် ကြိုးပမ်းခဲ့သည့်အတွက် တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာထမ်းဆောင်ခဲ့။
- ၁၈ လတာကာလအတွင်း မြန်မာနိုင်ငံအတွင်း နည်းမျိုးစုံသွင်းယူခဲ့သော လက်နက်များနှင့် အကြမ်းဖက်သမားများနှင့် ထိတွေ့ပစ်ခတ်မှုများ၌ ဖမ်းဆီးရမိခဲ့သော လက်နက်မျိုးစုံ ၆,၃၁၁ လက်၊ ခဲယမ်းမျိုးစုံ ၃၃၅,၁၈၄ တောင့်နှင့် လက်ပစ်ဗုံး/မိုင်း ၁၁,၇၁၅ လုံး သိမ်းဆည်းရမိခဲ့ပြီး အကြမ်းဖက်သူ ၆,၂၃၆ ဦးကို ဖမ်းဆီးရမိခဲ့။
- ၂၀၂၀ ပြည့်နှစ်တွင် ဖြစ်ပွားခဲ့သော နိုင်ငံရေးအခြေအနေကြောင့် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၄ ရက်က ပြုလုပ်ခဲ့သော အာဆီယံထိပ်သီးအစည်းအဝေး တက်ရောက်၍ ဘုံသဘောတူညီချက် ၅ ရပ် ချမှတ်ခဲ့ပြီး အဆိုပါဘုံသဘောတူညီချက်ကို ထုတ်ပြန်ခဲ့သောအခါ မြန်မာနိုင်ငံအနေဖြင့် ASEAN WAY, ASEAN PRITICE, ASEAN SPRIT များဖြင့်သာ ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာခဲ့။
- ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် စိစစ်သုံးစွဲလျက်ရှိသော ရန်ပုံငွေလက်ကျန် ၄၉၁ ဒသမ ၁၈ ဘီလီယံမှ ကျပ်ဘီလီယံ ၄၀၀ ကို သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်။
- မိမိတို့အစိုးရ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ကုန်သွယ်မှုပိုငွေအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ ၂၀၂၂ ခုနှစ်၊ မေလအထိ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄ ဘီလီယံရှိခဲ့ပြီး နိုင်ငံအတွက် ဝင်ငွေများ ရရှိအောင် ပြည်တွင်း ထွက်ကုန်များကို ပြည်ပသို့ ကုန်ချောတင်ပို့နိုင်ရေး ဦးစားပေးလုပ်ဆောင်လျက်ရှိ။
- သီးသန့်စိုက်ဧရိယာ ၆၉၀,၀၁၇ ဧက အတွက် လိုအပ်မည့်စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၁၀၀.၂၄၈ ဘီလီယံကို အစိုးရက ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ချေးခွင့်ပြုထားရှိ။
- လက်ရှိကမ္ဘာ့နိုင်ငံရေးအခြေအနေအရ CNG ဈေးနှုန်းများ အဆမတန်ကြီးမြင့်မှု၊ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ပြုပြင်ရခြင်း၊ မဟာလျှပ်စစ်ဓာတ်အားလိုင်းများကို အကြမ်းဖက်သမားများက ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းများကြောင့် လိုအပ်သည့်လျှပ်စစ်ဓာတ်အား အပြည့်အဝမရသည့်အတွက် ရေအားလျှပ်စစ်စက်ရုံ ၂၉ ရုံ၊ ကျောက်မီးသွေးသုံးစက်ရုံ ၁ ရုံ၊ သဘာဝဓာတ်ငွေ့သုံးစက်ရုံ ၂၈ ရုံ၊ ဒီဇယ်ဓာတ်အားပေးစက် ၆၁၀ လုံးနှင့် နေရောင်ခြည်စွမ်းအင်သုံးစက်ရုံ ၂ ရုံ တို့မှ ၇,၁၂၁ မဂ္ဂါဝပ်ကို ဓာတ်အားထုတ်လုပ်ပေးလျက်ရှိ။
- နိုင်ငံ၏မျိုးဆက်သစ်လူငယ်များသည် နိုင်ငံရေးသမားများ၏ ဘာသာရေးဝါဒမှိုင်း လှုံ့ဆော်ခြင်းနှင့် လှုံ့ဆော်ခံရခြင်း၊ အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုဓလေ့စရိုက်များ ဖျက်ဆီးမှိုင်းတိုက်ဝါဒဖြန့်မှုခံရခြင်းတို့ကြောင့် သံဃာတော် ၅၂ ပါးနှင့် သီလရှင် ၁ ပါးတို့ အကြမ်းဖက်သတ်ဖြတ်ခံခဲ့ရပြီး ၉ ပါးဒဏ်ရာရရှိခဲ့ကာ ၈ ပါး ပျောက်ဆုံးခဲ့။
- ဒီမိုကရေစီအစိုးရ(ဒုတိယသက်တမ်း)ကာလ၌ အခြေခံပညာကျောင်း သင်ခန်းစာများတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိခိုက်ပွန်းပဲ့စေသည့်သင်ခန်းစာများကို ထည့်သွင်းသင်ကြားစေခဲ့သဖြင့် ဆရာ၊ ဆရာမများကို အလေးဂရုပြုဆက်ဆံမှု မရှိတော့တဲ့အထိဖြစ်လာခဲ့ပြီး အဆိုပါအကျိုးဆက်တွေကြောင့် ပညာရေးဝန်ထမ်း ၄၇ ဦး သေဆုံး၊ ၂၁ ဦး ဒဏ်ရာရရှိကာ ပျောက်ဆုံး ၂၅ ဦး၊ စုစုပေါင်း ၉၃ ဦးရှိခဲ့။
- ဇူလိုင်လ ၂၃ ရက်နေ့အထိ ၃၅,၉၈၁,၅၃၅ ဦးကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးစီးပြီဖြစ်ပြီး ကာကွယ်ဆေးဝယ်ယူမှုနှင့် လှူဒါန်းမှု စုစုပေါင်း ၇၆ သန်းကျော် Doses ရရှိပြီးဖြစ်ကာ ကာကွယ်ဆေး ထုတ်လုပ်မှု အနေဖြင့် ၄,၀၉၁,၆၂၅ Doses ထုတ်လုပ်ခဲ့ပြီးဖြစ်။

- (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားသမား ၂၈၇ ဦး နှင့် အားကစားနည်း ၂၀ မျိုးကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် ၉ ခု၊ ငွေတံဆိပ် ၁၈ ခု၊ ကြေးတံဆိပ် ၃၅ ခု၊ စုစုပေါင်း ၆၂ ခုရရှိခဲ့။
- စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးဆောင်ရွက်ရာတွင် ပြည်သူတိုင်း၊ အဖွဲ့အစည်းတိုင်းက လိုက်နာဆောင်ရွက်ရန် အရေးကြီးသည့်အတွက် မည်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ တာဝန်ထမ်းဆောင်မှုမျိုးကိုမဆို ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ပြဋ္ဌာန်းထားသည့်ဥပဒေများအတိုင်း လေးစားလိုက်နာဆောင်ရွက်ရ မည်ဖြစ်။
- ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲမဲမသမာမှုများသည် နိုင်ငံ၏ဒီမိုကရေစီယဉ်ကျေးမှုလမ်းကြောင်းကို ပုံရိပ်ကျ သွေဖည်သွားစေခဲ့။
- စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရန်အတွက် ရွေးကောက်ပွဲတွင် အသုံးပြုမည့်မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးသည် အရေးကြီး သည့်အချက်ဖြစ်။
- ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် အနာဂတ်ပြည်ထောင်စုကြီး တည်ဆောက်ရေးသည် အခြေခံအုတ်မြစ်ဖြစ်သော ပြည်ထောင်စုစိတ်ဓာတ်ဖြစ်သောကြောင့် တိုင်းရင်းသားလက်နက်ကိုင်များနှင့် တွေ့ဆုံဆွေးနွေးရာတွင် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး ဒေသနှင့် တိုင်းပြည်အတွက် ပကတိလိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးဆောင်ရွက်လျက်ရှိ။
- လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် တိုင်းပြည်သည် တည်ငြိမ်အေးချမ်းမှုရှိရန်လိုပြီး ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် မည်သည့်ပုံစံနှင့်မဆို ခြိမ်းခြောက်အကြပ်ကိုင်၊ ဖိအားပေးခံရမှုမရှိဘဲ မိမိဆန္ဒအတိုင်း မဲပေးရန်လို။
- ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ထားရှိသည့်အတွက် ငြိမ်းချမ်းရေးကို လက်တွေ့ကျကျအကောင်အထည်ဖော်နိုင်ရန် လိုအပ်သဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များကို ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပြီး တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိ။
- လာမည့်ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူများသည် ၎င်းတို့၏အခွင့်အရေးအရ မဲပေးနိုင်ရန်အလို့ငှာ နိုင်ငံသားကတ်ပြား ထပ်မံထုတ်ပေးရန်လိုအပ်လျက်ရှိသော ခန့်မှန်းလူဦးရေ ၁,၇၄၈,၅၇၅ ဦး (၁ ဒသမ ၇ သန်းကျော်)ကို ပန်းခင်းစီမံချက် အဆင့်(၂)ဖြင့် ဆက်လက်လုပ်ဆောင်ပေးသွားမည်ဖြစ်။
- နိုင်ငံတော်ကြီးတည်တံ့ခိုင်မြဲရန်၊ နိုင်ငံသားအားလုံး ဒီမိုကရေစီအခွင့်အရေးကို တန်းတူညီမျှ ခံစားနိုင်ရန်အတွက် နိုင်ငံရေးအရပြုပြင်ဆောင်ရွက်ခြင်းနှင့် တိုင်းရင်းသားရေးအရ ပြုပြင်ဆောင်ရွက်ခြင်း စသည့်အချက် ၂ ချက် ပြုပြင်ဆောင်ရွက်ရန်လို။
- မိမိတို့အစိုးရအနေဖြင့် "ရှေ့သို့လှမ်းမည်၊ ပန်းတိုင်ဆီ"(Keep Moving Forward to Achieve Our Goal)ဆိုသည့်အတိုင်း နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး ပိုမိုကောင်းမွန်သည့် နိုင်ငံတော်နှင့် လူမှုစီးပွားဘဝများကို တည်ဆောက်ပေးသွားမည်ဖြစ်။